# ကြေးမုံ

The Mirror Daily

၁၉၅၇ ငြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday, 13 October 2025 ၁၁၉၆၉


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ရှုခင်းကြည့်တောင်ကုန်းများ၌ ပုဂံဒေသနေဝင်ဆည်းဆာကြည့်သူများဖြင့် စည်ကားခဲ့

ညောင်ဦး အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်း သီတင်းကျွတ်ရုံးပိတ်ရက်ကာလ လေးရက်အတွင်း ရှုခင်းကြည့်တောင်ကုန်းများတွင် မြန်မာပြည်အရပ်ရပ်မှလာရောက်သည့် ခရီးသွားဘုရားဖူးများ ကြိတ်ကြိတ်တိုးကြည့်ရှုခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ လေ့လာရေးလာရောက်သူများနှင့် ဘုရားဖူးပြည်သူများသည် အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှိအထင်ကရဘုရားများ၊ စေတီ၊ ပုထိုးများသာသနိကအဆောက်အအုံများအား ဖူးမြော်လေ့လာကြသည်။ ထိုသို့လာရောက်ကြသူများသည် ညနေပိုင်းတွင်ရှုခင်းကြည့်တောင်ကုန်းများဖြစ်သည့် ညောင်လက်ဖက်ကန် ရှုခင်းကြည့်တောင်ကုန်း၊ ဖိုမောက်ကြီး ရှုခင်းကြည့်တောင်ကုန်း၊ စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻



## ကျောက်မဲမြို့၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ကျောက်မဲမြို့ကို အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထု၏ လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**လျှပ်စစ်ဘေးသင့် ပြည်သူများအတွက် ဆိုလာမီးအိမ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း**

စာမျက်နှာ » ၃

**NCA (၁၀) နှစ်ပြည့်မှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသော အနာဂတ်ပြည်ထောင်စု နိုင်ငံတော်သစ်ဆီသို့...**

ဆောင်းပါး စာမျက်နှာ » ၆

**(ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့် ဝိနည်းဓိုရ် သင်တန်းဆင်းအောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ**

စာမျက်နှာ » ၇

# မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မား အမျိုးသားယဉ်ကျေးမှုလက္ခဏာများ

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေးနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသော နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်မှုများကို အောက်တိုဘာလ ၁၁ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည့်အတွက် အနုပညာကဏ္ဍအသီးသီးမှ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းတို့ကို အောက်တိုဘာလ ၁၃ ရက်နေ့ (ယနေ့)တွင် ကျင်းပပြုလုပ်နေပြီဖြစ်ရာ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မြင့်မားလာအောင် စွမ်းဆောင်နိုင်မှုများကို ဂုဏ်ယူဝမ်းမြောက်ဖွယ် မြင်တွေ့ကြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို အနုသုခမပညာရှင်များက လက်ဆင့်ကမ်းအမွေပေးဝေနိုင်ခဲ့ခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီးကို ပြိုင်ပွဲအမျိုးအစားအလိုက် သတ်မှတ်ထားသည့်နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်ခဲ့ကြသည့်အပြင် မြန်မာ့ယဉ်ကျေးမှု အနုသုခမပညာရပ်များကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များက ကိုယ်တိုင်လာရောက်ကြည့်ရှုကြသလို နိုင်ငံတစ်ဝန်းမှ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးကြသူများနှင့် ဝါသနာရှင်များက ရုပ်မြင်သံကြားဖန်သားပြင်များပေါ်မှတစ်ဆင့် တစ်ခဲနက်အားပေးခဲ့ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခမပညာရပ်များ ရှင်သန်ထွန်းကားနေသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်မိသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးပိုင်ဆိုင်ခဲ့သော အနုသုခမပညာရပ်များ၏ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းမည်မျှ ရှည်ကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာယဉ်ကျေးမှုကို အစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်ခြင်းရှိ/ မရှိတို့အပေါ်တွင် သတ်မှတ်ညွှန်ပြကြသည်။ မြန်မာနိုင်ငံသည် နိုင်ငံတည်ထွန်းစ အချိန်ကတည်းကစတင်၍ ပေါ်ထွန်းလာခဲ့သည့် ယဉ်ကျေးမှုအနုသုခမပညာရပ်များကို ယနေ့ထက်တိုင် တည်တံ့ဖြစ်ထွန်းလျက်ရှိပြီး ရှေးမူဟန်၊ ရှေးမူမပျက် ထိန်းသိမ်းဖော်ထုတ်ပြသနိုင်မှုများအား ယခုကျင်းပခဲ့သည့် အမျိုးသားယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက သက်သေထူပြလျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် နှစ်စဉ်မပျက် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်နိုင်စေရန်နှင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ဂုဏ်ပြုအသိအမှတ်ပြုကြရမည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုပြိုင်ပွဲကြီး အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် အနုသုခမပညာရပ်များကို မြတ်နိုးချစ်ခင်သော ပရိသတ်များအားလုံးက တူညီသည့်စိတ်ထားများနှင့် တက်ညီလက်ညီ ပါဝင်ခဲ့ကြသည်ကို အသိအမှတ်ပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာရပ်များနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားများဖြင့် ဆက်လက်စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးခြင်းမရှိစေရန်၊ မျိုးဆက်သစ်လူငယ်များ ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာစေရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ အစဉ်ထာဝရ နိုးကြားရှင်သန်နေစေရန် အနုပညာစွမ်းပကားများဖြင့် ဆက်လက်စွမ်းဆောင်ပေးကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

**World Food Day 2025**

**“အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့”**

**(Hand in Hand for Better Foods and a Better Future)**

**အောက်တိုဘာလ ၁၆ ရက်နေ့**

## လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင်သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင်သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင်သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ် (အဝေးသင်သင်တန်း)မှ ကျောင်းသား ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက် ဖြေဆိုကြရမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ASEAN-COCI နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၁၂**

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(ASEAN-COCI)တည်ထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မည့်ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်နောက်ဆုံးထား၍ https://forms.gle/TWtjdqk81vqAGVbc7 မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို https://asean.org/call-for-submissions-asean-coci-2025-jubilee-photo-competition-2 တွင် အသေးစိတ်ဝင်ရောက် ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား အမေရိကန်ဒေါ်လာ ပထမဆု ၁၀၀၀၊ ဒုတိယဆု ၇၅၀ နှင့် တတိယဆု ၂၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၁၂ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# လျောင်ဘေးသင့် ပြည်သူများအတွက် ဆိုလာမီးအိမ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် Myanmar Blue Sky Rescue Development Council တို့ ပူးပေါင်း၍ ငလျင်ဘေးသင့် ပြည်သူများအတွက် ပေးပို့လှူဒါန်းထားသော ဆိုလာမီးအိမ် အလုံး ၃၀၀ နှင့် အိမ်ထောင်စု တစ်စုလျှင်ငွေကျပ် ၅၀၁၀၀ တန်ဖိုးရှိထောက်ပံ့ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ထောင်စု ၅၀၀ နှင့် အောင်မြေသာစံမြို့နယ် ငလျင်ဘေးသင့် အိမ်ထောင်စု ၁၅၀၀ တို့အတွက် ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်းရှိကြင်းတောယန် ဗုဒ္ဓဘာသာကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှတာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့မှ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ Myanmar Blue Sky Rescue Development Council မှတာဝန်ရှိသူများ၊ ငလျင်ဘေးသင့်ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေး အသင်းခွဲ(မန္တလေး) ဥက္ကဋ္ဌ ဦးကျော်မင်းတို့က နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသင်းမှပါဝင်ဆောင်ရွက်နေမှုများ၊ မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ငလျင်ကာလနှင့် ငလျင်အလွန်ကာလများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ငလျင်ဘေးသင့် ဝန်ထမ်း အိမ်ထောင်စု ၅၀၀ အတွက် လှူဒါန်းပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့မှ တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များမှ ငလျင်ဘေးသင့် ပြည်သူများထံ လှူဒါန်းပစ္စည်းများ ပေးအပ်ကြသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများ မန္တလေးမြို့သို့ ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးမှုများမရှိစေရေး အထူးဂရုစိုက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး စက်ပစ္စည်းများ စီစဉ်နေရာချထားမှုကို ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တွင် ကျင်းပသည့် အဆင့်မြင့်အလွတ်တန်း ဖိတ်ခေါ် အမျိုးသားဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်ပြီး မန်းအောင်ဆွေလင်းအသင်းနှင့် မျိုးဆက်သစ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ပြိုင်ပွဲအပြီးတွင် မန်းအောင်ဆွေလင်းအသင်းက အနိုင်ရဗိုလ်စွဲ၍ ပထမဆုကို ဆွတ်ခူးရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




○ **ကျောက်မဲမြို့မှ**

ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင် လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ဆောင်ရွက်ပေးလျက်ရှိ**

ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံ ဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၂ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာ သုံးဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



✻ **ရှေ့ဖုံးမှ**

မင်းနန်သူကျေးရွာအနီးရှိ လေးထောင့်ကန်ရှုခင်းကြည့်တောင်ကုန်း၊ အရှေ့အိုးထိန်းကုန်း၊ အနောက်အိုးထိန်းကုန်းတို့မှ ပုဂံရှေးဟောင်းဘုရားများ၊ ဧရာဝတီမြစ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ တန့်ကြည့်တောင်တန်းနောက်ခံ နေဝင်ဆည်းဆာကြည့်ရှုကြရန် ရှုခင်းကြည့်တောင်ကုန်းများတွင် ညနေ ၄ နာရီမှစတင်၍ နေရာယူကာ နေလုံးကြီး တဖြည်းဖြည်း တန့်ကြည့်တောင်တန်းပေါ်မှ ပျောက်ကွယ်သည်အထိကြည့်ရှုခဲ့ကြသည်။ ရှုခင်းကြည့်တောင်ကုန်းများပေါ်မှ ပုဂံရှေးဟောင်းရှုခင်းများ နောက်ခံထားဓာတ်ပုံရိုက်ကြခြင်း၊ ဗီဒီယိုရိုက်ကြခြင်းများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းက ပြောကြားသည်။

**ဒီပါလင်း**

# ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မဲစာရင်းပြုစုရာတွင် အခြေခံရမည့် အသက် ၁၈ နှစ်နှင့်အထက် အတည်ပြုလူဦးရေစာရင်း ထပ်မံပေးပို့ရာတွင် ပြည့်စုံမှန်ကန်ရေး၊ နောက်ဆုံးအကြိမ် ထုတ်ပြန်မည့် မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မဲပေးခွင့်မရှိသူများမဲစာရင်းတွင်ပါဝင်ခြင်းမရှိစေရေးအတွက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသည့် ပြည်နယ်/ ခရိုင်/ မြို့နယ်သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က အထူးအလေးအနက်ထား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူပြီးစီးမှု၊ ပန်းခင်းစီမံချက် အဆင့် (၃) ဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းနှင့် မဲစာရင်းကြေညာခြင်း၊ ပထမအကြိမ်မဲစာရင်း ကပ်ထားကြေညာရာ၌ မဲစာရင်းလာရောက်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ကန့်ကွက်ခြင်းဆောင်ရွက်မှု၊ မြေပြင်ကွင်းဆင်းကော်မတီစာရင်းနှင့် ပထမအကြိမ်မဲစာရင်းနှိုင်းယှဉ်ချက်တို့ကို တင်ပြကြသည်။

ယင်းနောက် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ မြို့နယ်များအလိုက် ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းကပ်ထားကြေညာဆောင်ရွက်မှု၊ မဲစာရင်းကြေညာကပ်ထားမှုအပေါ် တောင်းဆို၊ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်မှုများ ဆောင်ရွက်ထားရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများ မဲစာရင်းပါရှိရေးနှင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ဘားအံဇုန် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၃ နာရီက အုပ်စုအဖွင့်ပွဲစဉ်အနေဖြင့် နေပြည်တော်ကောင်စီအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရပ်ကွက်/ ကျေးရွာများမှ ဘောလုံးအားကစားဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာများက တစ်ခဲနက်ကြည့်ရှုအားပေးကြပြီး အဆိုပါပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အုပ်စု(ခ) ဘားအံဇုန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ကရင်ပြည်နယ်အသင်းတို့ ပါဝင်ကာ အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်တို့ကို ရန်ကုန်မြို့ရှိ ဘောလုံးအားကစားကွင်းများတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် စစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေဆိပ် Operator ဖြစ်သည့် Pionner Aerodrome Service – PAS မှ တာဝန်ရှိသူများနှင့်အတူ လေယာဉ်ပြေးလမ်း ဝဲ/ယာ တစ်လျှောက် မြက်ဖြတ်ထားရှိမှု၊ ကိုင်း/ချုံပင်များ ရှင်းလင်းထားရှိမှုနှင့် လေဆိပ် ခရီးသည် Terminal အတွင်း ပြည်တွင်း ခရီးသွားများ ဆိုက်ရောက်/ထွက်ခွာ အသုံးပြုလျက်ရှိသည့် Cheek in Counter များ၊ X-Ray စက်များ၊ Toilet များ၊ ခရီးသည်ထိုင်ခုံများ စနစ်တကျရှိ၊ မရှိကို လိုက်လံစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လေယာဉ်ချဉ်းကပ်ဆင်းသက်လာစဉ် လေယာဉ်ပြေးလမ်း ဝဲ/ယာ တစ်လျှောက် သတ်မှတ်ချက်နှင့်အညီ မြက်ဖြတ်ခြင်းဆောင်ရွက်ထားရန်၊ ချုံ/ကိုင်းပင်များခုတ်ထွင် ရှင်းလင်းခြင်းဆောင်ရွက်ထားရန်၊ မြက်ဖြတ်စများကို တစ်ပါတည်း ရှင်းလင်း ဆောင်ရွက်သွားရန်၊ ပြေးလမ်း အမှတ်အသားများ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ရေးဆွဲဆောင်ရွက်ထားရန်၊ နေ့/ည အသုံးပြုသည့် လေယာဉ်ကွင်းဖြစ်သည့်အတွက် ပြေးလမ်းမီးများ အစဉ်ကောင်းမွန်နေစေရေး၊ လေယာဉ်ကွင်း အထောက်အကူပြုပစ္စည်းများ ကောင်းမွန်နေစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် ခရီးသည် Terminal တွင် အသုံးပြုလျက်ရှိသည့် X-Ray စက်များ အစဉ်ကောင်းမွန်နေစေရေး၊ ခရီးသည်များ အသုံးပြုသည့် Toliet များ သန့်ရှင်းကောင်းမွန်နေစေရေးနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးတို့အတွက် လိုအပ်ချက်ရှိသည်များကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ် ပြုပြင်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး စစ်ဆေးဆောင်ရွက်



**ဘိုကလေး အောက်တိုဘာ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို အမှတ် (၃) ရပ်ကွက်အတွင်း၌ ယနေ့ မွန်းလွဲပိုင်းက တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းအောင် ဦးဆောင်ကာသန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက် ထားရှိမှုများကို တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေး၍ မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံမှုရှိစေရေးအတွက် လျှပ်စစ်ကြိုးများ စနစ်တကျသွယ်တန်းထားရှိမှု ရှိ/မရှိ၊ ပတ်ဝန်းကျင်ရှိ လောင်စာအမှိုက်များ ရှင်းလင်းထားရန်၊ ခွင့်ပြုချက်မရှိဘဲ လောင်စာဆီများ သိုလှောင်ခြင်းမပြုရန်၊ မီးငြိမ်းသတ်ရေးအတွက် မီးငြိမ်းသတ်ရေးပစ္စည်းများ စနစ်တကျထားရှိရန်၊ ရေရရှိရေး အလေးထား ဆောင်ရွက်ရန်နှင့် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲအိတ်များ ထားရှိရေးစစ်ဆေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

## ညောင်ရွှေမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်



**တောင်ကြီး အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု ကျေးထက်ကျေးရွာရှိ မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း)သီးနှံ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် "မြပုလဲ" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်က စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအသင်းသည် အသင်းသား ၆၀ မှ ရွှေအပ်နှင့် GW -11 စပါးမျိုးများအား ဧက ၂၈၀ စိုက်ပျိုးထားပြီး အသင်းမှလိုအပ်သော ငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ် သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးနှင့် သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**
**၇၆ ရက်**
**သာ လိုတော့သည်။**

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်း ဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထား ဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်း ဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်း ဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်း ဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်း ဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်း ဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

NCA (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# NCA (၁၀) နှစ်ပြည့်မှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသော အနာဂတ်ပြည်ထောင်စု နိုင်ငံတော်သစ်ဆီသို့...

အောင်ကျော်မိုး(ငြိမ်းချမ်းရေး)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ချုပ်ဆိုခဲ့ခြင်း (၁၀)နှစ်ပြည့်မြောက်သောနေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ "NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်" ''From NCA To Sustainable Peace, Shaping Our Future" ဆောင်ပုဒ်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံသည် ငြိမ်းချမ်းရေးမရှိပါက စည်ပင်ဝပြောသာယာမှု မရှိနိုင်သည့်အပြင် စီးပွားရေး၊ လူမှုရေးများ ပြိုလဲသွားနိုင်သည်ကို မငြိမ်းချမ်းသော နိုင်ငံများက သက်သေပြလျက်ရှိပါသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့သမိုင်းကြောင်းတစ်လျှောက် လက်နက်ကိုင်သောင်းကျန်းမှုမျိုးစုံကို ရင်ဆိုင်ခဲ့ကြရပြီး ယနေ့တိုင်အပြီးမသတ်နိုင်သေးသည့်အတွက် ပြည်တွင်းပဋိပက္ခရှည်ကြာသည့်နိုင်ငံဟု ပြောစမှတ်ပြုခံနေရပါသည်။

## ငြိမ်းချမ်းမှုသည်သာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်

အဆိုပါ ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နိုင်ငံတော်အစိုးရအဆက်ဆက်က ကြိုးပမ်းခဲ့သော်လည်း အတိုင်းအတာတစ်ခုအထိသာ ဖြေရှင်းနိုင်သေးပြီး အဆုံးမသတ်နိုင်သေးသည့်အတွက် နာတာရှည်ရောဂါတစ်ခုအလား ဖြစ်နေပါသည်။ ပဋိပက္ခများအကြားတွင် ရုန်းကန်လှုပ်ရှားနေကြရသည့် ပြည်သူအချို့၏ ဘဝများမှာ အင်မတန်ခါးသီးလှပါသည်။ ငြိမ်းချမ်းမှုမရှိခြင်း၏ ခါးသီးလှသော အတွေ့အကြုံများကို မည်သည့် ပြည်သူလူထုမျှ တွေ့ကြုံခံစားလိုခြင်း ရှိမည်မဟုတ်ပါ။ သို့ဖြစ်ရာ ငြိမ်းချမ်းရေး၏ အရသာကို လိုလားတောင့်တ၍ ငြိမ်းချမ်းရေး၏ တန်ဖိုးအနဂ္ဃအား မြတ်နိုးခြင်းသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အသက်ဝိညာဉ်ဖြစ်ပြီး ငြိမ်းချမ်းမှုသည်သာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ငြိမ်းချမ်းရေးရရှိရေးထက် ပိုမိုအရေးကြီးသည့် လုပ်ငန်းစဉ်မရှိတော့သည်ကို တိုင်းရင်းသားပြည်သူလူထုအားလုံးက ခြွင်းချက်မရှိ နားလည်လက်ခံ ယုံကြည်နေကြပြီဖြစ်ပါသည်။ ယနေ့ရရှိထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)သည် လွယ်လွယ်ကူကူဖြင့် ရရှိလာခြင်းမဟုတ်ဘဲ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ အသွင်ကူးပြောင်းမှုစတင်ချိန်၌ ဦးစားပေးလုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ ဖြေရှင်းနိုင်ခြင်း မရှိသေးသည့် လက်နက်ကိုင်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ် လိုအပ်ချက်ဖြစ်လေရာ ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအား နိုင်ငံရေးအသွင် ကူးပြောင်းမှုနှင့်အတူ စတင်ခဲ့ခြင်းဖြစ်ပါသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့က ဖွဲ့စည်းပေးခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD) တို့က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းအဖွဲ့ (UPWC) နှင့် ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်မှစတင်၍ အစည်းအဝေးပေါင်း ၉ ကြိမ်ပြုလုပ်ဆွေးနွေးခဲ့ကြပါသည်။ ငြိမ်းချမ်းရေးစတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစတင်၍ NCA စာချုပ်အကောင်အထည်ပေါ်သည်အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး တွေ့ဆုံညှိနှိုင်းမှု အကြိမ်ရေပေါင်း ၅၀၀၀ ကျော် လုပ်ဆောင်ခဲ့ရသည်။ NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတကာ အသိသက်သေများဖြစ်ကြသော ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့ က လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် NMSP နှင့်

> တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိစေရန်၊ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ငြိမ်းချမ်းရေး၏အရသာကို ရရှိခံစားစေရန် ရည်ရွယ်ပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးနေခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ NCA လက်မှတ်ရေးထိုးပြီးနောက် NCA နှစ်ပတ်လည်နေ့များအား ဂုဏ်ယူစွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် NCA (၁၀) နှစ်ပြည့် အခမ်းအနားသို့ ရောက်ရှိလာခဲ့ပြီဖြစ်

LDU တို့ ထပ်မံ၍ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးသည့် အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာခဲ့ပါသည်။

NCA စာချုပ်သည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးထိုးခဲ့ခြင်းမဟုတ်ဘဲ တိုင်းရင်းသားအဖွဲ့အစည်းများ၏ လိုလားချက်များနှင့် အဆိုပြုချက်များအပေါ် မူတည်၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းပြီး သဘောတူရေးဆွဲကာ ပြည်ထောင်စုလွှတ်တော်တွင် ကန့်ကွက်သူမရှိ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ထောက်ခံအတည်ပြုထားသည့် မည်သို့သောအခါမျှ ပျက်ပြယ်သွားမည့်စာချုပ်မဟုတ်ဘဲ သမိုင်းမော်ကွန်းတင်နေမည့် စာချုပ်တစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)သည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ သဘောတူညီချက်များကို ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ခုဖြစ်ပြီး NCA စာချုပ်သည်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောတူညီချက်များ ပါဝင်သည့် စာချုပ်တစ်ခုပင်ဖြစ်ပါသည်။

NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်မှုသည် တည်ငြိမ်မှု၊ ပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်ပါသည်။ ပြည်တွင်းပဋိပက္ခကို စစ်ရေးအရ မဟုတ်ဘဲ နိုင်ငံရေးဖြင့် ဖြေရှင်းသည့် နည်းလမ်းကို ဖြစ်ထွန်းစေခြင်းသည် NCA ပင် ဖြစ်ပါသည်။ NCA ကြောင့် ယခုလို တွေ့ဆုံမှုများ၊ နိုင်ငံရေးဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့သည့်အပြင် နိုင်ငံအတွင်း ပါဝင်ပတ်သက်သူ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။

NCA စာချုပ်သည် နိုင်ငံတည်ဆောက်ရေး (State Building) နှင့် တိုင်းပြည်တည်ဆောက်ရေး (Nation Building)တို့၏ အခြေခံအုတ်မြစ်တစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဥပဒေပြုခွင့်အာဏာကို ပုဒ်မ (၁၈၈)နှင့် ပုဒ်မ(၁၉၆)တို့နှင့်အညီ ခွဲဝေအပ်နှင်းပေးထားသည်ကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားများအတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော အခွင့်အရေးများ ပေးအပ်ထားပြီးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာတွင် **"နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရ တံခါးဖွင့်ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် NCA ပါ သဘောတူညီချက်များနှင့်အညီ လက်တွဲဖြေရှင်းဆောင်ရွက်နိုင်ကြပါရန် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါကြောင်း"** မြွက်ကြားခဲ့ပါသည်။

ထို့အပြင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် **"နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် မိမိတို့၏ ဆန္ဒနှင့် မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်"**ဟု မြွက်ကြားခဲ့ပါသည်။

## ငြိမ်းချမ်းရေးသည် နိုင်ငံရေး၏ ယဉ်ကျေးမှုတစ်ရပ်ဖြစ်

ထိုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ မိန့်ခွန်းပြောကြားချက်များကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ရင်းစေတနာမှန်ကန်စွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် စစ်ရေးနည်းဖြင့် ဖြေရှင်းမှုများ လျော့နည်းနိုင်မည်ဖြစ်ပြီး နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **ငြိမ်းချမ်းရေးသည် နိုင်ငံရေး၏ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံရေးယဉ်ကျေးမှုသည် ငြိမ်းချမ်းရေး၏ စုစည်းရာလမ်းကြောင်းပင်** ဖြစ်ပါသည်။

NCA စာချုပ် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာစေရန်အတွက် နိုင်ငံတော်အစိုးရက တတ်နိုင်သမျှ ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူအားလုံးကလည်း နှိုးဆော်တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများကို ဝိုင်းဝန်းပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူသွားရမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်အတွက် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများက အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုများနှင့် ပြည်တွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း များစွာအရေးကြီးလှပါသည်။

စာမျက်နှာ ၇ သို့ ☆

# (ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်း အောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် (ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်း အောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသည့် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်များမှ သံဃနာယက ဆရာတော်များနှင့် သင်တန်းသား ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့ရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌက သင်တန်းမှူး ဆရာတော်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သင်တန်းသား ဆရာတော်များအား မြို့နယ်အလိုက် သင်တန်းဆင်း အောင်လက်မှတ်များကို ဆက်ကပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့ရှိဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက သင်တန်းဩဝါဒါစရိယ ဆရာတော်များ၊ သင်တန်းနည်းပြ ဆရာတော်များနှင့် သင်တန်းသား ဆရာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကင်းမြို့နယ်၌ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကင်း အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် မိုးကောင်းလမ်းရှိ မိုးကောင်း ဆုတောင်းပြည့်စေတီတော်ကြီး၏ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်းတွင် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဘိဓမ္မာခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။



အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ရန်ကင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တို့က ဦးစီးကျင်းပခြင်းဖြစ်ပြီး အဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲကြီးကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ ၉ ရက်အထိ ကိုးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း မိုးကောင်း ဆုတောင်းပြည့် စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

**လှလှထွေး**

## ရေတာရှည်မြို့နယ်၌ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည် စာမေးပွဲဖြေဆို

**ရေတာရှည် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများကို ပညာရည်မြင့်မားလာစေရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူစေရန်ရည်ရွယ်၍ မြို့နယ်အဆင့် G-5 မှ G-9 အထိ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည် စာမေးပွဲကို ယနေ့နံနက်ပိုင်းက အထက (ရေတာရှည်)၌ ပြုလုပ်ခဲ့သည်။



အဆိုပါစာမေးပွဲကို ရေတာရှည်မြို့နယ်အတွင်းရှိ ကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၇ ဦး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲကို အောက်တိုဘာ ၁၃ ရက်အထိ ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

နိုင်ငံတော်အကြီးအကဲအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မိဘပြည်သူများအား ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီး ၂၀၂၂ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်သတ်မှတ်၍ တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ကိုယ်တိုင်ဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိစေရန်၊ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ငြိမ်းချမ်းရေး၏အရသာကို ရရှိခံစားစေရန် ရည်ရွယ်ပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးနေခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘော တွေ့ဆုံမှုများ၊ တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ NCA လက်မှတ်ရေးထိုးပြီးနောက် NCA နှစ်ပတ်လည်နေ့များအား ဂုဏ်ယူစွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် NCA (၁၀)နှစ်ပြည့်အခမ်းအနားသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

### ငြိမ်းချမ်းရေးသည် မရှိမဖြစ်အရေးကြီး

နိုင်ငံတော်အကြီးအကဲက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တွေ့ဆုံပွဲများ၊ အစည်းအဝေးများ၊ နိုင်ငံတော်အဆင့် အခမ်းအနားများတွင် မကြာခဏဆိုသလို ထည့်သွင်းမြွက်ကြားခဲ့ပါသည်။ သမိုင်း၏ သင်ခန်းစာများအရ တိုင်းရင်းသားပြည်သူများ၏ တူညီသည့်စိတ်ထားနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာမျှပင် အရေးကြီးသကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ ရာသက်ပန် ပူးပေါင်းနေထိုင်ရန်အတွက်လည်း ငြိမ်းချမ်းရေးသည်မရှိမဖြစ် အရေးကြီးလှပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည်သာလျှင် အရာရာကို ဖန်တီးဖြေရှင်းနိုင်မည့်၊ တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည့် အရေးကြီးသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ စတင်လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးလမ်းစပေါ်တွင် အပြုသဘောဖြင့် ချဉ်းကပ်ခြင်းက ငြိမ်းချမ်းရေးခရီး ပိုမိုလျင်မြန်ထိရောက်စေမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် အမှန်တကယ်လိုလားသည့်ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ ငြိမ်းချမ်းစွာ စီစဉ်ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှု၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုများ ရှိမှသာ ငြိမ်းချမ်းရေးဆိုသည့် လိုရာခရီး လျင်မြန်စွာရောက်ရှိမည်ဖြစ်ပါသည်။ မတူကွဲပြားသည့် အမြင်သဘောထားများနှင့် ယုံကြည်ချက်များအား လေးစားခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ လူတိုင်း၏ အခြေခံအခွင့်အရေးများအား တန်ဖိုးထားခြင်း၊ ခွင့်လွှတ်နားလည် သဘောထားကြီးခြင်းစသည့် လူမှုကျင့်ဝတ်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နှလုံးသွင်းပြင်ဆင်၍ ကျင့်ကြံအားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံရေးစနစ်ကောင်းတစ်ရပ် ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ထိုကဲ့သို့ နိုင်ငံရေးယဉ်ကျေးမှု ရေခံမြေခံကောင်းတစ်ရပ် ပြုစုပျိုးထောင်နိုင်ပြီး တဖြည်းဖြည်းကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းခြင်းဖြင့် ပြည့်စုံသည်ထက် ပြည့်စုံမှုရှိလာမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်တစ်ရပ် ပေါ်ပေါက်လာရန် မျှော်မှန်း၍ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ယခုအခါ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို လျှောက်လှမ်းရာတွင် မိမိဒေသ၊ ရပ်ရွာအတွက် စိတ်ရင်းစေတနာမှန်ကန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်းသားများနှင့် ဒေသကိုကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရန်မှာ အရေးကြီးလှပါသည်။

### ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း

သို့ဖြစ်ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် **“ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း”** ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲအား နိုင်ငံတကာမှ ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပပညာရှင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ မီဒီယာကိုယ်စားလှယ်များ၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပါဝင်ဆောင်ရွက်ကြသူများ အားလုံးပါဝင်တက်ရောက်၍ **“မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသောအနာဂတ် တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း”** Theme ဖြင့် **“တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန် အဓိက သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်သည့် ဆွေးနွေးမှုများကို တိုးမြှင့်ရန်၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြည်သူလူထုမှ သဘောပေါက်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ရန်၊ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်”** ဟူသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အောက်တိုဘာလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းမှ ၁၇ ရက်နေ့ထိ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် အသိဉာဏ်ပညာဖြင့် သတိတရားကို လက်ကိုင်ထား၍ NCA စာချုပ်အပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ခိုင်မာသည့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် အတူတကွလျှောက်လှမ်း၍ **“ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်ပြည်ထောင်စုကြီးဆီသို့”** မဆိုတ်မသုန် အားသွန်ခွန်စိုက် အရောက်လှမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြား လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်) ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်



နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းဘဲတန်းမြို့နယ် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ အသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားခရိုင် ပန်းဘဲတန်းမြို့နယ်၌ စာပေနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် မူပိုင်ခွင့်ဦးစီးဌာနတို့ပူးပေါင်း၍ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ကျင်းပသည်။

ဟောပြောပွဲတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာနွယ်ရီဝင်းက စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ စာကြည့်တိုက်မှူးများ၊ မော်ကွန်းတိုက်မှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ အသိပညာပေး ဟောပြောပွဲတွင် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှူးများ၊ ပန်းပညာရှင်များ၊ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ထုတ်ဝေသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်းတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်(၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လက်ခံလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဒက္ခိဏသီရိခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပသော အလှူငွေပေးအပ်ပွဲတွင် နေပြည်တော် စာပေဝိုင်းက လှူဒါန်းသည့် ငွေကျပ် ၂၇၀၀၀၀ ကို စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)ကလည်းကောင်း၊ စာရေးဆရာ စိုးတင့်(ရောဝတီ) က ငွေကျပ် ၂၀၀၀၀၀ ကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံခဲ့သည်။

သတင်းစဉ်



## ပုသိမ်မြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်း / တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ် အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဌာနမှတာဝန်ယူဆောင်ရွက်သော ရှောပြာ-အိုးဖိုကုန်းလမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက ကွင်းဆင်းစစ်ဆေးခဲ့ရာ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး လိုအပ်သည်များ မှာကြားခဲ့သည်။

ရှောပြာ-အိုးဖိုကုန်းလမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၆၁၅ အိမ်၊ လူဦးရေ ၂၄၆၃ ဦး တို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဆီဆိုင်မြို့နယ်၌ သမဝါယမအသင်းစုစည်းဝေး အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကျင်းပ



ဆီဆိုင် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဒေါ်သန်းညိုတို့က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသည့် အသင်းဝင် ကိုယ်စားလှယ်များထံမှ အတည်ပြုချက် ရယူဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အမှုဆောင်သစ် ရွေးချယ် တင်မြှောက်ခြင်း ဆောင်ရွက်ရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်သစ်ကို သမဝါယမဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တာဝန်ခွဲဝေပေးအပ်၍ အမှုဆောင်သစ်များက တစ်ဦးချင်းစီ မိတ်ဆက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖြူးမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား မြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်



ဖြူး အောက်တိုဘာ ၁၂

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမည့် သမဝါယမအသင်း ခြောက်သင်းမှ အသင်းသားတောင်သူ ၂၄ ဦး၏ စိုက်ဧက ၇၀၀ အတွက် အသင်းပိုင်အစီအစဉ်ဖြင့် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းနှင့်ညီမျှသော မြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်ပွဲကို ယမန်နေ့က ဖြူးမြို့နယ် လူငယ်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ဖြူးမြို့နယ်သမဝါယမဦးစီးဌာန တာဝန်ရှိသူက ဆောင်းဆီထွက်သီးနှံ(မြေပဲ)စိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများအား ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက သမဝါယမအသင်းသားတောင်သူများအတွက် မြေပဲနှင့် သွင်းအားစုများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့တွင်း လေ့လာကြည့်ရှု



**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြသည်။

**လက်မှတ်ရေးထိုး**

ဦးစွာ အမျိုးသားပြတိုက်၌ မင်းခမ်းတော် ပစ္စည်းပြခန်းများအပါအဝင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ယင်းနောက် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးကို လည်းကောင်း၊ ခြောက်ထပ်ကြီးဘုရားကို လည်းကောင်း သွားရောက်ကြည်ညိုလေ့လာကြပြီး ဘုရားဖူးပြည်သူများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့အတူ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် - ၃) သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှု လေ့လာကြသည်။



**လေ့လာကြည့်ရှု**

အဆိုပါအဖွဲ့သည် ယမန်နေ့ညပိုင်းက အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေ တင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ကာလ အထိမ်းအမှတ် မီးရောင်စုံအလှ ထွန်းညှိထားမှုများကို သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

**ဆက်လက်ကျင်းပမည်**

ထို့အတူ အောက်တိုဘာ ၅ ရက် ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ လည်းကောင်း ဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး နေပြည်တော်တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံပူးပေါင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်ကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ခရီးမဝေးပါ အနီးလေးမှာ

❖ အမည် ကွဲပြား၊ နေရပ် ခြားလည်း
တစ်သားတည်း နေ၊ တို့တစ်တွေသည်
တစ်မြေတည်း ဖွား၊ သွေးချင်းများမို့
အားလုံး “မြန်မာ” ဆိုတဲ့စိတ်။

❖ ဘိုးဘွားအမွေ၊ “အမိမြေ” ကို
အရှည်တည်ရန်၊ တိုးတက်ရန်နှင့်
နိုင်ငံ ခေတ်မီ၊ ဖွံ့ဖြိုး စည်အောင်
ဦးတည် ကြိုးပမ်း လိုတဲ့စိတ်။

❖ မျိုးဆက် နောင်ရေး၊ ကြောင့်ကြဝေးဖို့
လေးမြတ်ရှေးရှု၊ ဆင်ခြင်မှုဖြင့်
လူမှုဘဝ၊ ဖူလုံမှု သည့်
“လှပသာယာ၊ ပြည်မြန်မာ” အဖြစ်
ညီညာ ထူထောင် လိုတဲ့စိတ်။

❖ သည်လိုစိတ် ထား၊ ထပ်,ထပ်ပွားပြီး
မိသားစုကြား၊ ဆွေမျိုးကြားက
သားချင်း အတွေး၊ သွေးချင်း အမြင်
စဉ်လာ အရှိ၊ သွေးသားသိဖြင့်
နှိုင်းညှိ ဆောင်ယူ၊ ချစ်ကြည်ဖြူသော်
ပြည်သူ မျော်တွေး၊ “ငြိမ်းချမ်းရေး” သည်
မဝေးခရီး အနီးလေးမှာ။
တို့အားလုံးနဲ့ လက်တစ်ကမ်း အကွာ။ ။

မျိုးမြတ်မြတ်မြင့်မောင်

# လောင်းလုံးမြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်

**လောင်းလုံး အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်း ဒေသကြီး လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက် ၉ နာရီတွင် မိုးစပါးစိုက်ပျိုးသည့် တောင်သူများ၊ ဆောင်းသီးနှံ မတ်ပဲနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးမည့် တောင်သူများအား (စတုတ္ထအကြိမ်) ယူရီးယား ဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်ခြင်း အခမ်းအနားကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဟိန်းထက်ပိုင်က ၂၀၂၅ ခုနှစ်အတွက် မိုးရာသီ မိုးစပါး ပန်းတိုင်စံပြကျေးရွာ၊ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့်တောင်သူများ၊ ဆောင်းသီးနှံ မတ်ပဲနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးနိုင်ရေးအတွက် (စတုတ္ထအကြိမ်) ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျ၊ လောင်းလုံးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝေလင်းမောင်နှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ယူရီးယား ဓာတ်မြေဩဇာများ ပေးအပ်ကြသည်။ လောင်းလုံးမြို့နယ်အတွင်းရှိ မိုးရာသီ မိုးစပါး ပန်းတိုင်စံပြကျေးရွာ၊ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀ နှုန်းဖြင့် စုစုပေါင်း အိတ် ၂၈၀ ကို ကျေးရွာရှိ တောင်သူများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။



သိန်းသိန်း(လောင်းလုံး)

# ဇနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဇနုဖြူ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီက ထီကွေ့ကျေးရွာအုပ်စု တောင်သူဦးဝင်းနိုင်၏ အောင်နိုင်တိုးစပါးမျိုးစံပြကွက် လယ်မြေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ စံကွက်ရိတ်သိမ်းနေမှုများကို



ကြည့်ရှုအားပေးခဲ့ကြပြီး တာဝန်ရှိသူများက တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်းမှာ အစို ၁၁၈ ဒသမ ၁၇ တင်း၊ အခြောက် ၁၀၂ တင်း ထွက်ရှိကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ငါ့စိတ်ကို မြင်ချင်ရင် ...

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

> **လူတွေက ပြောကြလို့သာ တောရိုင်းတိရစ္ဆာန်လို့ ပြောရတာပါ။ သူတို့လည်း သူတို့အမျိုးနဲ့ သူတို့၊ သူတို့အုပ်စုနဲ့သူတို့ နေထိုင်ကြပေမယ့် အမျိုးမတူ၊ အုပ်စုမတူတာတွေနဲ့ အတူလက်တွဲ နေထိုင်ကြတာ ဘာပြဿနာမှဖြစ်တယ်လို့ မကြားမိပါဘူး။ ဆိုးဆိုးသွမ်းသွမ်းလုပ်တာ ကိုင်တာ၊ ပြောတာဆိုတာမျိုးတွေကိုလည်း လေ့လာကြည့်သလောက်တော့ မတွေ့မမြင်မိပါဘူး**

ရှေးရှေးတုန်းက သတ္တဝါတွေ အမျိုးစုံနေထိုင်ကြတဲ့ တောအုပ်ကြီး ရှိသတဲ့။

တောအုပ်ကြီးက ပင်လယ်ကြီးဘေးမှာ ရှိတာပေါ့။ ပင်လယ်ကြီးက လည်း လှပတဲ့ကမ်းခြေတွေရှိသလို မြင့်မားနက်ရှိုင်းတဲ့ ကမ်းပါးကြီးတွေ လည်း ရှိကြတာပေါ့။ တောအုပ်ကြီးထဲမှာလည်း သစ်ကြီးဝါးကြီး၊ အပင်ကြီးတွေ ထူထပ်များပြားသလို ပန်းပင်ငယ်မျိုးစုံတွေလည်း ရှိကြတာပါပဲ။ ပန်းဥယျာဉ်တွေလည်း ရှိကြသလို မြက်ခင်းပြင်စိမ်းစိမ်း တွေလည်းရှိကြတာပေါ့။ တောရိုင်းတိရစ္ဆာန်တွေလည်း အမျိုးစုံ အများကြီးနေထိုင်ကြတဲ့ တောအုပ်ကြီးပါ။

လူတွေက ပြောကြလို့သာ တောရိုင်းတိရစ္ဆာန်လို့ ပြောရတာပါ။ သူတို့လည်း သူတို့အမျိုးနဲ့ သူတို့၊ သူတို့အုပ်စုနဲ့သူတို့ နေထိုင်ကြပေမယ့် အမျိုးမတူ၊ အုပ်စုမတူတာတွေနဲ့ အတူလက်တွဲနေထိုင်ကြတာ ဘာပြဿနာမှဖြစ်တယ်လို့ မကြားမိပါဘူး။ ဆိုးဆိုးသွမ်းသွမ်း လုပ်တာ ကိုင်တာ၊ ပြောတာ ဆိုတာမျိုးတွေကိုလည်း လေ့လာကြည့်သလောက် တော့ မတွေ့မမြင်မိပါဘူး။

အခုလည်း ကြည့်လေ။ သူတို့ရဲ့ ဒီတောအုပ်ကြီးမှာ စတင်ရောက်ရှိပြီး စုပေါင်းနေထိုင်ကြတဲ့ အနှစ်သုံးသိန်းသုံးသောင်းသုံးထောင်သုံးရာသုံးဆယ့်သုံးနှစ်မြောက် အထိမ်းအမှတ်အောင်ပွဲကို ကျင်းပနေကြတာတဲ့။ ကြုံတုန်းကြုံခိုက် လေ့လာချင်တော့ သူတို့ရဲ့ ကစားကွင်းဆီ သွားလိုက်တာပေါ့။ အံ့စရာကောင်းလိုက်တာ။ တိရစ္ဆာန်အမျိုးအစားတွေကလည်းစုံလို့။ အားကစားနည်းအမျိုးအစားတွေကလည်း စုံလို့။ ကုန်းနေသတ္တဝါတွေအတွက် မြေပြင်ဆိုင်ရာပြိုင်ပွဲ၊ ရေနေသတ္တဝါတွေအတွက် ရေပြင်ဆိုင်ရာပြိုင်ပွဲ၊ ငှက်တွေအတွက် ကောင်းကင်ဆိုင်ရာပြိုင်ပွဲဆိုပြီး ပြိုင်ပွဲတွေက အမျိုးစုံနေလေတော့ ပရိသတ်ပေါင်းစုံရဲ့ အားပေးကြ၊ အော်ကြ၊ ဟစ်ကြ အသံတွေကလည်း ပွက်လောကိုရိုက်နေကြတာ၊ ဟိုး မိုးထက်ယံဆီကတောင် ကြားနေရတယ်။ လေ့လာတယ်ဆိုမှတော့ နေရာအနှံ့လိုက်ကြည့်ပြီး လေ့လာရတာပေါ့။ မြင်တွေ့သမျှသာ ပြောပြရရင် တစ်လနှစ်လနဲ့တောင် ပြီးမယ်မထင်ဘူး။

ဟော အခုရောက်နေတဲ့ ဒီနေရာကိုတော့ စိတ်ဝင်စားသွားပြီ။ အပြေးပြိုင်တဲ့ ကွင်း။ ပြိုင်ကွင်းက အဆင့်မြင့်လိုက်တာ။ ပွဲကြည့်စင်က အဆင့်ဆင့် သုံးထပ်၊ ပတ်လမ်းတွေနဲ့။ ဒိုင်လူကြီးက ဦးဇီးကွက်၊ အကူဒိုင်လူကြီးတွေက ဦးသမင်နဲ့ ဒေါ်ဒေါ်မြင်း။ သဘောကျလိုက်တာ၊ ဦးဇီးကွက်က သမာသမတ်ကျရာမှာ နာမည်ကြီးပုဂ္ဂိုလ်။ ဦးသမင်နဲ့ ဒေါ်ဒေါ်မြင်းကတော့ အပြေးပြိုင်ပွဲတွေကို ကြီးကြပ်ရာမှာ အကျွမ်းကျင်ဆုံးပေါ့။

အချိန်ကလိုနေသေးတော့ ပွဲကြည့်စင်မှာ ဝင်ထိုင်ပြီး စောင့်နေလိုက်တယ်။ ခဏနေတော့ အပြေးပြိုင်မှာက နှစ်ဦးတည်းတဲ့။ အခမ်းအနားမှူး ဦးဆင်ရဲ့ အသံကျယ်ကျယ်နဲ့ ကြေညာလိုက်ခါမှ ထပြန်ချင်စိတ် ပေါက်တော့တာပဲ။ ပြိုင်မယ့်သူတွေကိုလည်း ကြည့်ပါဦး။ ချန်ပီယံ မောင်ယုန်နဲ့ လူသစ်တန်းက မောင်လိပ်တဲ့။ ဒါကြောင့် ထပြန်ချင်တာ။ သူတို့နှစ်ယောက်က ပြိုင်ဘက်တွေဟုတ်ကြလို့လား၊ အတန်းတူလို့လား။ နောက်ပြီးတော့ မောင်ယုန်နဲ့ မောင်လိပ်တို့ အပြေးပြိုင်ပွဲက ဟိုးရှေးရှေးငယ်ငယ်ကတည်းက ကြားဖူးပြီးသား၊ မောင်လိပ်က နိုင်တာလေ။ အခုလည်း မောင်လိပ်ကပဲနိုင်မှာပဲ။ သိပြီးသားကြီးပဲလေ။

အခုလို ပြောမိမှ စဉ်းစားစရာတွေက ပေါ်လာတယ်။

ထုံးစံက မောင်ယုန်နဲ့ မောင်လိပ်တို့ အပြေးပြိုင်ရင် မောင်ယုန်က သွက်တယ်၊ မြန်တယ်၊ ရင့်ကျက်တဲ့အပြေးသမား။ မောင်လိပ်က လှုပ်စိလှုပ်စိ၊ မပွင့်တပွင့်သမား၊ ခြေတစ်လှမ်းကုဋေတစ်သန်းတန်အောင် ဖြည်းဖြည်းသွားနေကျပေါ့။ ဒီတော့ အပြေးပြိုင်ရင် မောင်ယုန်ပဲနိုင်မှာပေါ့။ ဒါပေမဲ့ ပုံပြင်ထဲမှာက မောင်ယုန်ကရှုံးတယ်၊ မောင်လိပ်က နိုင်တယ်။ စဉ်းစားစရာတွေ၊ တွေးခေါ်စရာတွေ၊ သင်ယူစရာတွေ၊ မှတ်သားစရာတွေ အများကြီးရခဲ့တယ်။ အဲဒီပုံပြင်ကို အိပ်ရာဝင်နားထောင်ပြီးတော့ အသိတရားတွေရပြီး ကြိုးစားမှုနဲ့ အောင်မြင်သွားတဲ့သူတွေက လောကမှာ ဒုနဲ့ဒေးပါပဲ။ ဒီတော့ အခု မောင်ယုန်နဲ့ မောင်လိပ် အပြေးပြိုင်ပွဲက ဘယ်လိုအသိတရားမျိုးတွေများရဦးမလဲလို့ စောင့်ကြည့်ချင်စိတ်တွေ ပေါ်လာပြန်တယ်။

အတွေးတွေက လွန်သွားတယ်။ ဘယ်လောက်ကြာသွားသလဲဆိုတော့ သတိရလိုက်တဲ့အခါမှာ အကူဒိုင် ဒေါ်ဒေါ်မြင်းရဲ့ တစ် နှစ် သုံး ဆိုတဲ့ အချက်ပေးသံနဲ့အတူ "ပြေး" ဆိုတဲ့ တာလွှတ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရတယ်။ တာလွှတ်တာနဲ့တစ်ပြိုင်နက် မောင်ယုန်ကတော့ ခုန်စွခုန်စွနဲ့ ချက်ချင်းပန်းတိုင်ဘက်ကိုဦးတည်ပြီး ပြေးလိုက်တာ လှစ်ခနဲ လှစ်ခနဲပဲ။ မောင်လိပ်ကတော့ ထုံးစံအတိုင်းပေါ့။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ တရွေ့ရွေ့သွားနေတာပေါ့။ ပြေးတာလား၊ သွားတာလား ဆိုတာတောင် မသဲကွဲပါဘူး။ အကူဒိုင် ဦးသမင်က အပြေးသမားတွေကို ဘေးကနေ ပြေးရင်း ပြေးရင်း အခြေအနေကြည့်နေတယ်။ ဒိုင်လူကြီး ဦးဇီးကွက်ကတော့ ပန်းတိုင်ထိပ် ကောင်းကင်ယံမှာပျံတက်ပြီး ပန်းဝင်လာမယ့်အပြေးသမားကို စောင့်ကြည့်နေတယ်။ အပြေးပြိုင်ပွဲက တစ်ဖက်သတ်ဆိုတာ ကြိုပြီးသိပါတယ်။ မောင်ယုန်ကမြန်တော့ မောင်ယုန်ပဲနိုင်မှာပေါ့။

ဟောလုပ်ပြန်ပြီ။ မောင်ယုန်က ပြေးရင်း ပြေးရင်းနဲ့ လမ်းတစ်ဝက်မှာ မောင်လိပ်ကို စောင့်သလိုလို ဘာလိုလိုနဲ့ရပ်နေတယ်။ မောင်ယုန်က မောင်လိပ်ကိုအထင်သေးနေတာလား၊ မောင်လိပ်ကလေး အနားရောက်မှ တစ်ခါထပ်ပြေးလုပ်ပြီး လှောင်ချင်ပြောင်ချင်နေတာလား မသိဘူး၊ ဘာတွေများ စိတ်ကူးပြီး ရပ်နေပါလိမ့်။

ပွဲကြည့်နေတာ စောင့်နေရလွန်းလို့ အိပ်ချင်စိတ်ပေါက်လာတယ်။ တစ်မှေးလောက်တော့ အိပ်လို့ရပါတယ်ဆိုပြီး ပွဲကြည့်လျက်နဲ့ အိပ်လိုက်တာ နိုးလာလို့ ကြည့်လိုက်တော့ မောင်ယုန်ကလည်း လမ်းတစ်ဝက်မှာ အိပ်နေတုန်းပဲ။ စိတ်အေးလက်အေး အပြေးဝင်ပြိုင်ရဲတဲ့ မောင်လိပ်ကို ဘယ်နားရောက်နေပြီလဲလို့ လိုက်ရှာကြည့်တော့ ဟော ပန်းတိုင်နဲ့ တစ်လံလောက်ပဲလိုပါတော့ပါကလား။ အံ့ရော အံ့ရော၊ ဟော ကြည့်နေရင်းပဲ မောင်လိပ်က ပန်းဝင်သွားပြီ။ ပရိသတ်တွေရဲ့ အားပေးလိုက်ကြတဲ့ လက်ခုပ်သံတွေက နားကွဲထွက်မတတ်ပါပဲ။

ဒီလောက် ပွက်လောရိုက် အားပေးဆူညံတဲ့ အသံတွေကြောင့် မောင်ယုန်ကနိုးသွားပြီ။ နိုးတာနဲ့တစ်ပြိုင်နက် ပန်းတိုင်ဆီကို တန်းပြေးသွားတယ်။ မြန်မှ မြန်ပဲ၊ လှစ်ခနဲ လှစ်ခနဲပဲ။ အရည်အချင်းတွေကို အစွမ်းကုန် ထုတ်ပြပေမယ့် နောက်ကျသွားပြီ။ ပုံပြင်ထဲက ယုန်လို ဖြစ်သွားပြီ။ နောင်မှတရတဲ့ နောင်တတွေရသွားပြီ။ ပုံပြင်ကနားထောင်ပြီးရခဲ့တဲ့ အသိဉာဏ် ဗဟုသုတတွေကို ပွဲကြည့်စင်ပေါ်ကနေ ပြေးဆင်းသွားပြီး မောင်ယုန်လေးကို ပြောပြချင်လိုက်တာ။

ပရိသတ်တွေအားလုံးက ငြိမ်နေကြတယ်။ ဘာများပါလိမ့်။ ကိုယ်လည်း ငြိမ်နေရတာပေါ့။ ဒါပေမဲ့ မနေနိုင်လို့ အနားက မဝက်မကို တိုးတိုးလေး မေးကြည့်လိုက်တော့ သူတို့ရဲ့ ထုံးစံက ရှုံးတဲ့သူအတွက် နောက်ထပ်ပြိုင်ပွဲ ထပ်ပြိုင်ဖို့ဆန္ဒရှိရင် နှစ်ကြိမ်အထိ ခွင့်ပြုပေးတဲ့ ထုံးစံဥပဒေရှိသတဲ့။

**အားနည်းတဲ့သူတွေကို**
**သနားတတ်တာလည်း လူ့သဘာဝ**

ဟော နောက်တစ်ခေါက် ထပ်ပြီးပြိုင်ကြဦးမယ်တဲ့။ နေရာယူကုန်ကြပြီ။ အပြေးသမားတွေကလည်း ပန်းစတဲ့နေရာက စည်းတားထားတဲ့ နေရာမှာ။ ဒိုင်လူကြီးတွေကလည်း သူ့နေရာနဲ့သူ နေရာယူပြီးကြပြီ။ ထုံးစံအတိုင်းပေါ့။ အချက်ပေးပြီး ပြေးဆိုတဲ့ အသံက ပေါ်ထွက်လာမှတော့ နှစ်ဦးစလုံးက တာထွက်ကြပြီပေါ့။ ဒီတစ်ခါတော့ မောင်ယုန်က လမ်းတစ်ဝက်မှာ နားတာမျိုးကို မလုပ်တော့ဘဲ ပန်းတိုင်ကို ဆက်ပြေးသွားပြီ။ ကောင်းတာပေါ့၊ သူ့မှာ ပြေးတာနဲ့ပတ်သက်ပြီး အရည်အချင်းက ရင့်ကျက်တယ်၊ အတွေ့အကြုံကလည်း ပြည့်စုံပြီးသား၊ ပထမအခေါက်က ရှုံးတာက ပေါ့ဆတာတစ်ခုကြောင့် ရှုံးသွားတာဖြစ်မယ်။ ဒါတင်မက တစ်ဖက်သားကို အထင်သေးတတ်တာမျိုးလည်းပါတယ်နဲ့ တူတယ်။ ရှုံးတဲ့သူကို နိုင်စေချင်တာမျိုးကလည်း လူ့သဘာဝအစစ်ပဲလေ။ အားနည်းတဲ့သူတွေကို သနားတတ်တာလည်း လူ့သဘာဝပါပဲလေ။

အပြေးပြိုင်ပွဲမှာ အားနည်းတဲ့မောင်လိပ်ကိုသနားပြီး ပေးနိုင်ချင်စိတ်တော့ ဖြစ်မိတာပေါ့။ ဒါကြောင့်လည်း မောင်လိပ်ကို ကြည့်လိုက်တော့ တလိမ့်လိမ့်နဲ့ဆိုသလို တဖြည်းဖြည်းနဲ့ ဆက်ပြေးနေတာကို တွေ့ရတော့ ဝမ်းသာကြည်နူးမိတာပေါ့။ မောင်ယုန်ကို ကြည့်လိုက်တော့ ပန်းတိုင်အနားတောင်နီးနေပြီ၊ မောင်ယုန်အတွက်တော့ သုံး၊ လေးခုန်စာလောက်ပဲ လိုတော့တာပေါ့။ ဟော နှစ်ခုန်စာ၊ ဟော တစ်ခုန်စာပဲ လိုတော့တယ်။

အခုတော့ မောင်လိပ်ဆီကို စိတ်ပြန်ရောက်သွားတယ်၊ မျက်စိလည်း ရောက်သွားတယ်။ မောင်လိပ်ကတော့ သူ့ထုံးစံအတိုင်း တဖြည်းဖြည်းပဲပေါ့။ ပွဲပြီးသွားပြီနဲ့ တူပါတယ်။ မောင်ယုန်က ပန်းတိုင်ကို တစ်ခုန်စာလောက်ပဲ ကျန်တော့တာပဲကိုး၊ အခုလောက်ဆိုရင် ပန်းဝင်သွားပြီပေါ့။

ဒါပေမဲ့ ပန်းဝင်လို့ အားပေးတဲ့ပရိသတ်တွေရဲ့ အသံကိုတော့ မကြားမိသေးပါဘူး။ ပန်းတိုင်ကို လှမ်းကြည့်လိုက်တော့ မောင်မင်းကြီးသားက စိတ်ချလက်ချနဲ့ အိပ်ပျော်နေတာကိုး။ မောင်လိပ်ကတော့ "တစ်နေ့တစ်လံ ပုဂံဘယ်မရွေ့"ဆိုသလိုပဲ တစ်လှမ်းချင်း တစ်လှမ်းချင်းနဲ့ ပြေးလာနေတာပဲပေါ့။ ဟော မောင်လိပ်က ကိုရွှေယုန် အိပ်ပျော်နေတဲ့နေရာကို ရောက်နေပြီ၊ မောင်ယုန်က မနိုးသေးဘူး။ အူယားလိုက်တာ၊ အိပ်ရာကနေ နိုးထပြီး ပန်းဝင်လိုက်ပါတော့လား၊ ပြေးသွားပြီး အော်နှိုးလိုက်ချင်တာ၊ ဘယ်လိုများလုပ်ရပ့ါမလဲ။ ဟော ဟော ဒါနဲ့ပဲ မောင်မောင်လိပ်က ပန်းတိုင်ကိုဝင်သွားပြီ။

ဒီတစ်ခေါက်လည်း မောင်ယုန်ပဲ ရှုံးရပြန်ပြီ။ ကိုယ်တိုင်က ပျင်းနေတာလား၊ အနားရောက်လာမယ့် မောင်လိပ်ကို ပန်းဝင်ခါနီး စချင်နောက်ချင် လှောင်ပြောင်ချင်တာလား၊ ဒီအကျင့်မျိုးကို မဖျောက်နိုင်သေးလို့ အပြေးပြိုင်ပွဲမှာ ရှုံးသွားတာလား။ ကိုယ်ကတော့ နိုင်နိုင်ပါလျက် ရှုံးရတာကို ဘေးကနေ အားမလိုအားမရ ဖြစ်နေလိုက်ရတာ၊ သူကတော့ အေးဆေးပဲ။ ဟောကြည့်ပါဦး။ နောက်တစ်ခေါက်ထပ်ပြိုင်ဦးမလို့တဲ့၊ သူ့ရတဲ့ အခွင့်အရေးကိုတော့ ရအောင်ယူတတ်သားပဲ။

ဒီတစ်ခေါက်ပြိုင်ပွဲကိုတော့ ကြည့်လက်စနဲ့မို့သာ ကြည့်နေရတာ၊ အားပေးချင်စိတ်လည်း မရှိဘူး၊ ကြည့်ချင်စိတ်လည်း မရှိတော့ဘူး။ ဒိုင်လူကြီးတွေက သူ့နေရာနဲ့သူ နေရာယူပြီးနေကြပြီ။ ပြိုင်ပွဲက စတော့မှာ၊ ကိုရွှေယုန်ကတော့ မျက်နှာလည်းမပျက်ဘူး၊ ရှက်လည်း မရှက်ဘူး၊ ဒါပေမဲ့ ပရိသတ်တွေက ထပ်ရှုံးမှာပဲ၊ မရှက်ဘူးလား၊ ပြိုင်မနေနဲ့၊ ထွက်သွားဆိုပြီး အော်နေကြတာ၊ ပွက်လောကို ညံနေတာပဲ။ ဒါပေမဲ့ သူကတော့ မရှက်ပေါင်၊ ခပ်တည်တည်နဲ့ ပရိသတ်ကို မျက်နှာပြောင်တိုက်နေသလိုပဲ။

သူတို့ စပြေးကုန်ပြီ၊ ထုံးစံအတိုင်းပေါ့၊ ကိုရွှေယုန်ကတော့ တာစတာနဲ့တစ်ပြိုင်နက် လှစ်ခနဲဆို ပြေးသွားပြီးပေါ့။ ကိုရွှေလိပ်ကတော့ ထုံးစံအတိုင်း ပုံမှန်ပါပဲ။ စိတ်မဝင်စားလို့ မကြည့်ချင်ပေမယ့် မြင်နေရတယ်လေ၊ မောင်ယုန်နဲ့ မောင်လိပ်က ရှေ့နောက်အဝေးကြီးကွာနေပြီ။

ဟော ကိုရွှေယုန်က ပန်းတိုင်နားနီးသွားပြီ၊ ဟော ပန်းတိုင်ကို ခုန်ဝင်လိုက်ပြီ၊ ပန်းတိုင်ကိုရောက်သွားပြီ၊ ပန်းဝင်သွားပြီ။ ပြိုင်ပွဲတစ်ကွင်းလုံး အားပေးသံလက်ခုပ်သံတွေနဲ့ သောသောကို ညံနေတာပဲ။ စိတ်မပါဘဲ ကြည့်နေရင်းနဲ့ ဘယ်လိုအော်ပြီး ဘယ်လိုလက်ခုပ်တီးနေမိမှန်းတောင် မသိတော့ဘူး၊ ဘယ်လက်ဖဝါးနဲ့ ညာလက်ဖဝါးတွေ နာလာတော့မှ ရပ်လိုက်ရတယ်။ ဒါတောင် ဆက်ပြီး တီးချင်နေတုန်းပဲ။

ဒီလောက်အထိ ဖြစ်သွားတာက မောင်လိပ်ကို မချစ်၊ မောင်ယုန်ကို ပိုချစ်လို့လား၊ မဟုတ်ပါဘူး။ ဒါဖြင့်ရင် ထပ်ကာထပ်ကာ ရှုံးနေတဲ့သူကို နိုင်စေချင်လို့လား၊ ဒါတော့လည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ အရည်အချင်းစွမ်းရည်သတ္တိတွေ အပြည့်ရှိပါလျက် အသုံးမပြုသူတွေကို အားမလိုအားမရဖြစ်နေရာကနေ အပြည့်အဝအသုံးချတာကို တွေ့လိုက်ရတော့ ကျေနပ်မိတာဖြစ်မယ်။

ဟော၊ အခမ်းအနားမှူးက ကြေညာနေပြီ။ ရှုံးနိမ့်သူ မောင်မောင်လိပ်က နောက်တစ်ပွဲထပ်ပြိုင်ဖို့ တောင်းဆိုနေပြီတဲ့။ ဒီအတိုင်းသာ ဆိုရင် မောင်လိပ်ရှုံးပြီး မောင်ယုန်ပဲ နိုင်ဦးမှာပါပဲ။ ဒီပြိုင်ပွဲကို ထပ်ကြည့်နေလည်း မထူးပါဘူး၊ အဖြေက မစခင်ကတည်းက သိပြီးသားကြီး ဖြစ်နေပြီ။

စာမျက်နှာ ၁၁ သို့ ❍

❍ စာမျက်နှာ ၁၀ မှ

❖ **ကျွန်တော် စိတ်ဝင်စားတာက အစ်ကိုကြီးရဲ့စိတ်၊ အခုလို ကျောကုန်းပေါ်ကိုတင်ပြီး ကျွန်တော့်ကို ဘာလို့ ခေါ်လာခဲ့တာလဲ၊ အစ်ကိုကြီးက တစ်ယောက်တည်း ရေကူးလာပြီး အနိုင်ယူလို့ရပါလျက်နဲ့ ဘာလို့များ ကျွန်တော့်ကို ကျောကုန်းပေါ်ကို တင်ခေါ်လာရတာလဲ၊ အဲဒီလိုတင်ခေါ်လာတဲ့ အစ်ကိုကြီးရဲ့စိတ်ကို သိအောင်လို့ ကြည့်ချင်နေတာ၊ စိတ်ဝင်စားနေတာ**

❖ **နောက်တစ်ခေါက် ပြိုင်ပြန်တော့လည်း မင်းက ပန်းတိုင်အနားမှာ အိပ်မောကျနေတာလေ၊ ဒါက ပရိသတ်တွေရဲ့ အထင်တွေ အမြင်တွေပါလေ။ သူတို့က မင်းမျက်စိဖွင့်ကြည့်တာကို ဘယ်သိမလဲ၊ မင်းကို ပျင်းလို့ ထင်နေကြတာကိုး၊ ငါသိတယ်၊ ငါက ဘယ်လောက်အထိ သိသလဲဆိုရင် အဲဒီပြိုင်ပွဲနှစ်ခေါက်လုံးဟာ ငါနိုင်တာမဟုတ်ဘူး။ မင်းကနိုင်တာ။ မင်းက နှစ်ခေါက်စလုံးကိုနိုင်တာ**

ပရိသတ်တွေက လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေကြပြီ၊ ရုတ်ရုတ်သဲသဲတော့ မဟုတ်ဘူး။ ဘာကြောင့် ဘာတွေများ ဖြစ်နေကြပါလိမ့်။ ကြေညာသံကြားလိုက်ရပြီ။ အရှုံးသမား မောင်လိပ်က နောက်ထပ် အပြေးတစ်ပွဲ ပြိုင်ပါမယ်။ ဒါပေမဲ့ "အပြေးပြိုင်ကွင်း ပြောင်းပေးပါ" တဲ့၊ "ဒါကြောင့် အပြေးပြိုင်ကွင်း အသစ်ဆီကို ပရိသတ်ကြီးက လိုက်ပါအားပေးကြဖို့ မေတ္တာရပ်ခံပါတယ်"တဲ့။

စိတ်ဝင်စားသွားပြီ၊ ပြိုင်ကွင်းအသစ်ကိုလည်း စိတ်ဝင်စားတယ်၊ "ပြိုင်ကွင်းအသစ် ပြောင်းမယ်" ဆိုတဲ့ မောင်မောင်လိပ်ရဲ့ စိတ်ကူးကိုလည်း စိတ်ဝင်စားတယ်။ ဟုတ်တယ်လေ၊ ကိုယ်ရှုံးခဲ့ဖူးတဲ့နေရာ၊ ကိုယ်ရှုံးနိုင်တဲ့ နေရာမျိုးကို ရှောင်သင့်တာပေါ့၊ ကိုယ့်အတွက် အနိုင်ရမယ့် နေရာမျိုးကို ပြောင်းရွှေ့သင့်တာပေါ့၊ အသိဉာဏ်ရှိသူတွေက "ဒီနေရာနဲ့ သင့်တော်တယ်၊ မသင့်တော်ဘူး" ဆိုတာမျိုးလောက်တော့ သိကြတာပေါ့။

ဘယ်နေရာမှာများ အားကစားကွင်းအသစ် ရှိသေးပါလိမ့်။ ပရိသတ်တွေအားလုံးကလည်း နေရာသစ်ကို စိတ်ဝင်စားနေကြတယ်။ အခမ်းအနားမှူးက အစီအစဉ်အသစ်ကို အတိအကျကြေညာလိုက်တော့မှ ပရိသတ်တွေက အဖွဲ့လိုက်၊ အဖွဲ့လိုက် ကိုယ့်အုပ်စုနဲ့ကိုယ် ပင်လယ်ဘက်ဆီကို ဦးတည်ပြီးသွားနေကြတယ်။ တချို့ကလည်း ပင်လယ်ကမ်းခြေဘက်ကို ကွေ့ပတ်ဆင်းသွားကြတယ်၊ တချို့ကလည်း ပင်လယ်အနားက ချောက်ကမ်းပါးအမြင့်ကြီးတွေဘက်ကို တက်သွားကြတယ်။

ပြိုင်ပွဲရဲ့ တာစလွှတ်မယ့်နေရာက ချောက်ကမ်းပါးအမြင့်ကြီးရဲ့ ထိပ်၊ ပင်လယ်ဘက်မျက်နှာမူပြီး သုံးပေခန့်အကွာမှာ စည်းတားထားသတဲ့။ ပန်းဝင်မယ့်နေရာက ပင်လယ်ရေစပ်မှာ တိုင်ထူထားသတဲ့။ အံ့ပါလေရော။ ပြိုင်ကွင်းအသစ်ကို ရွေးချယ်ခွင့်ပေးတဲ့ သူတို့ဥပဒေရဲ့ ယဉ်ကျေးမှုကိုရော၊ ရွေးချယ်တဲ့ သူကိုရော၊ အံ့ဩလိုက်တာ။

အပြေးပြိုင်ပွဲကို ထုံးစံအတိုင်း စီစဉ်လို့ပြီးပြီ။ ပြေးဆိုတဲ့ အချက်ပေးသံနဲ့အတူ မောင်လိပ်က ကမ်းပါးထိပ်ဘက်ကို တဖြည်းဖြည်းတိုးသွားပြီး အဖျားနားရောက်တဲ့အခါ သူ့ရဲ့ဦးခေါင်းနဲ့ လက်တွေ၊ ခြေတွေကို ခန္ဓာကိုယ်ထဲ ထည့်သွင်းလိုက်ပြီး ပေသုံးရာကျော်မက မြင့်တဲ့ ချောက်ကမ်းပါးအပေါ်ကနေ ပင်လယ်ရေစပ်မြေပြင်အထိ ခန္ဓာကိုယ်ကြီးကို လှိမ့်ချလိုက်တာပေါ့။ စဉ်းစားသာ ကြည့်လိုက်ကြပါတော့။ အသိဉာဏ်ရှိတာလား၊ လူရည်လည်တာလား၊ မပြောတတ်ပေမယ့် မောင်လိပ်ကတော့ ပန်းတိုင်ကိုချက်ချင်းဆိုသလို ရောက်သွားတာပေါ့။

မောင်ယုန်ကို ကြည့်လိုက်ပါဦး။ ပြေးဖို့ အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ပြေးဖို့နေနေသာသာ ပြေးလမ်းကို အရင်ရှာနေရတယ်။ မောင်လိပ် ပြေးသလို လိုက်ပြေးလို့ကလည်း မဖြစ်၊ ခုန်ချလို့ကလည်း မရ၊ တက်လာတဲ့ လမ်းအတိုင်း သွက်သွက်ပြန်ဆင်းပြီး ပန်းတိုင် ပင်လယ်ဘက်ကို ပြန်လှည့်ပြေးရတော့တာပေါ့။ သူရောက်သွားတဲ့ အချိန်မှာတော့ မောင်လိပ်က ပန်းဝင်ပြီးလို့ အိပ်ချင်ရင်တောင် တစ်ရေးအိပ်လို့ ဝနေလောက်တယ်။

ပြိုင်ပွဲက လေးကြိမ်ပြီးသွားပြီ။ မောင်လိပ်က သုံးကြိမ်နိုင်တယ်၊ မောင်ယုန်က တစ်ကြိမ်နိုင်တယ်။ ဒီလိုဆိုတော့ အပြေးပြိုင်ပွဲက မောင်လိပ်ကိုပဲ အောင်မြင်သူဆုပေးပွဲ ကျင်းပရမှာပေါ့။ တာဝန်ရှိသူတွေက ဆုပေးပွဲကျင်းပဖို့ ပြင်ဆင်တော့မယ်နဲ့တူတယ်၊ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ရွှေ့ရွှေ့ ရွှေ့ရွှေ့နဲ့ လှုပ်ရှားသွားလာနေကြပြီ။

**အပြေးပြိုင်ပွဲကို**
**နောက်ထပ်တစ်ပွဲထပ်ပြီးပြိုင်**

ဒါပေမဲ့ လုပ်ပုံကိုင်ပုံတွေကို ကြည့်ရတာ အဲဒီလိုပုံစံမျိုးတော့ မဟုတ်လောက်ဘူး၊ တစ်ခုခုတော့ ကွာခြားနေတယ်။ ပြိုင်ပွဲတာဝန်ရှိသူတွေ ခေါင်းချင်းရိုက်တိုင်ပင်နေရာကနေ အခမ်းအနားမှူးရဲ့ ကြေညာသံက ပီပီသသကြီး ထွက်ပေါ်လာတယ်။ "အပြေးပြိုင်ပွဲကို နောက်ထပ်တစ်ပွဲထပ်ပြီးပြိုင်ပါဦးမယ်။ ပြေးကွင်းပန်းတိုင်အစက ပင်လယ်ကမ်းစပ်ဖြစ်ပြီးတော့ ပန်းဝင်ရမယ့် နေရာကတော့ အနီးဆုံးဖြစ်တဲ့ ရေလယ်ကျွန်း"တဲ့။

"ဘယ်သူက ထပ်ပြိုင်ဖို့ တောင်းဆိုတာလဲ၊ မောင်ယုန်ပဲ ထပ်ရှုံးမှာပေါ့၊ ဘယ်လိုလုပ်ပြီး ပင်လယ်ရေထဲဆင်းပြီး ရေကူးနိုင်မှာလဲ၊ မောင်လိပ်က ထပ်ပြီးမတောင်းဆိုသင့်ဘူး၊ သူက နိုင်ပြီးသားပဲ၊ မောင်ယုန်ကို သက်သက်အရှက်ခွဲတာလား၊ တာဝန်ရှိသူတွေက ထပ်ပြီးခွင့်မပြုသင့်ဘူး၊ လာဘ်ပေးလာဘ်ယူ လုပ်ထားလို့နေမှာပေါ့" စတဲ့ ဝေဖန်သံ အပြစ်တင်သံ ဆရာကြီးလုပ်သံတွေက ပွက်လောကိုရိုက်နေတော့တာပေါ့။

"ဩော်၊ ပရိသတ်အများစုဆိုတာ ဒီလိုပါပဲလေ"။

"ဘယ်နေရာ၊ ဘယ်အသိုင်းအဝိုင်း၊ ဘယ်အစုအဖွဲ့မှာပဲဖြစ်ဖြစ် ကိုယ့်အထင်နဲ့ ကိုယ်က မှန်တယ်ထင်ပြီး ပြောကြ၊ ဆိုကြ၊ လုပ်ကိုင်ကြသူတွေက ဘယ်လောက်တောင်များ များနေကြပါလိမ့်"။ "နိုင်ပြီးသား မောင်လိပ်ကသာ ပြိုင်ပွဲကိုထပ်ပြိုင်ဖို့ တကယ်တောင်းဆိုတယ်ဆိုရင် အကြောင်းထူးတစ်ခုခုတော့ ရှိကိုရှိရမယ်၊ ပါးစပ်မဟာဘဲ အသာစောင့်ကြည့်တာ အကောင်းဆုံးပဲ"။

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ပြိုင်ပွဲက မဖြစ်သင့်တဲ့ ပုံစံကြီး"။

"ကြည့်ပါဦး၊ ပင်လယ်ကမ်းစပ်မှာ မောင်ယုန်နဲ့ မောင်လိပ်က ပြေးဖို့ရန် အဆင်သင့်ရပ်နေကြပြီ၊ ပန်းတိုင်က အနီးဆုံးဖြစ်တဲ့ "ရေလယ်ကျွန်း"ဆိုတော့ မောင်ယုန်ရဲ့ မျက်နှာကို ကြည့်လိုက်ပါဦး"၊ "သူ့မျက်နှာထက်စာရင် မန်ကျည်းရွက်ကမှ ကြီးဦးမယ်"။

"ပြေး"ဆိုတော့လည်း ပြေးကြပြီပေါ့၊ မောင်လိပ်က ရေထဲကို ချက်ချင်းဆိုသလို ဆင်းသွားပြီး ရေထဲဆက်ငုပ်သွားတယ်၊ မောင်ယုန်ကတော့ မျက်နှာငယ်လေးနဲ့ ငေးကြည့်နေရုံမှတစ်ပါး အခြားလုပ်စရာ မရှိတော့ဘူးပေါ့။ ရေထဲဆင်းပြီး ရေငုပ်သွားတဲ့ လိပ်ကတော့ အရိပ်အယောင်တောင် မမြင်ရတော့ဘူး။

တစ်မိနစ် နှစ်မိနစ် သုံးမိနစ် တဖြည်းဖြည်းနဲ့ တစ်ဆယ့်ငါးမိနစ်လောက်ကြာသွားပြီ၊ မောင်ရွှေလိပ်ကတော့ ကျွန်းဘက်ကိုဘယ်လောက်တောင်များ ခရီးပေါက်သွားပြီလဲလို့ ကြည့်နေကြတဲ့ ပရိသတ်တွေကလည်းရှိကြသလို ပြိုင်ပွဲကို စိတ်မဝင်စားကြတဲ့ မျက်နှာမျိုးတွေနဲ့ ပရိသတ်တွေကလည်း အများကြီးပါပဲ။ အချိန်က ဆယ့်ငါးမိနစ်လောက်တောင်ကြာသွားပြီ။ မောင်လိပ်က စူဠလိပ် ရေထဲချလိုက်သလို ပြန်ကို မပေါ်လာတော့ဘူး၊ ကြည့်နေရသူတွေကတော့ မျှော်တော်ဇောနဲ့ မောနေရတာပေါ့။

"ဟော၊ မောင်လိပ်တစ်ယောက် ရေပေါ်ကိုပေါ်လာပြီ၊ ပေါ်လာပြန်တော့လည်း ဟိုး… ကျွန်းဘက်နားနီးတဲ့ ပေလေးငါးရာလောက် ရောက်သွားပြီလို့ အများက ထင်နေကြတာ၊ ပေါ်မယ့်ပေါ်လာတော့လည်း ကမ်းစပ်မှာပဲ ပြန်ပေါ်လာတယ်။ ဘာတွေများ လုပ်ဦးမလို့ပါလိမ့်"။

ရေပေါ်ကို ပေါ်လာတဲ့ မောင်လိပ်က "ဟေ့ မောင်ယုန်၊ ဘာကြည့်နေတာလဲ၊ လာ ငါ့ကျောပေါ်တက်၊ ငါတို့နှစ်ယောက် ရေလယ်ကျွန်းကို အတူတူသွားကြမယ်လေ"တဲ့။

အဲဒီလို ပြောတော့မှ မောင်ရွှေယုန်က ကိုရွှေလိပ်ရဲ့ ကျောကုန်းပေါ်ကို ပြုံးနေတဲ့မျက်နှာနဲ့ ခုန်တက်ပြီး ထိုင်လိုက်သွားလိုက်တာပေါ့။

ပရိသတ်ထောင်ပေါင်းများစွာက မြင်ရတဲ့ မြင်ကွင်းကိုကြည့်ပြီး မှင်တက်မိနေကြတယ်၊ အံ့ဩနေကြတယ်၊ ကြည်နူးနေကြတယ်၊ ဝမ်းသာနေကြတယ်။ အဲဒီအချိန်မှာ ဒီလောက်များပြားတဲ့ ပရိသတ်တွေရဲ့ တိတ်ဆိတ်မှုဟာ အပ်ကျသံကိုတောင် ကြားရနိုင်တဲ့အခြေအနေအထိဖြစ်သွားတယ်။ တစ်ခဏမျှသာပါပဲ။

ပြီးတော့ ပရိသတ်အားလုံးရဲ့ ပါးစပ်မဖွင့်ဘဲ လက်ခုပ်တီးသံတွေ သက်သက်က ဘဝင်အထက်ထိ လျှံတက်သွားကြတယ်။ လက်ခုပ်သံတွေထဲမှာ တစ်ဦးအပေါ်တစ်ဦးက အနိုင်ရလို့ အားပေးကြတဲ့အသံမျိုးတွေ တစ်ပျောက်တစ်မှုန် တစ်စက်ကလေးမျှ မပါပါဘူး။

ဒါပေမဲ့ ပရိသတ်တွေရဲ့ ရင်ဘတ်နဲ့တီးတဲ့လက်ခုပ်သံတွေက ဘဝင်လျှံရုံမျှမက စကြဝဠာတိုင်သည်အထိ ကျယ်လောင်စွာမြည်ဟိန်းသွားကြတယ်။ ဒီပရိသတ်လက်ခုပ်သံတွေဟာ မောင်လိပ်နဲ့ မောင်ယုန်တို့ "ရေလယ်ကျွန်း" ဆီကိုရောက်ပြီး မြင်ကွင်းထဲမှ ပျောက်သွားကြသော်လည်း အသံမတိတ် အသံမဆိတ် ဟိန်းမြည်လျက်ပါပဲ။

ရေလယ်ကျွန်းပေါ်ကို ရောက်သွားတဲ့အခါ မောင်လိပ်က အိမ်ရှင်ဖြစ်နေတော့ ဧည့်သည်ဖြစ်တဲ့ မောင်ယုန်ကို တစ်ကျွန်းလုံးလှည့်ပြတော့တာပေါ့။ မောင်ယုန်မမြင်ဖူး၊ မတွေ့ဖူးတဲ့ ကျောက်ဆောင်၊ ကျောက်ပန်း၊ ကျောက်ခက်တွေရှိရာ ရှုခင်းတွေဆီကို အေးချမ်းကြောင်းသာယာကြောင်းတွေ တဖွဖွပြောပြရင်း ရှေ့ကနေဦးဆောင်ပြီး ခေါ်သွားတာပေါ့။ တော်တော်ကြာတဲ့အထိ အင်းမလုပ်၊ အဲမလုပ်ဘဲ အသံတိတ်နဲ့ လိုက်နေတဲ့ မောင်ယုန်ကို မော့ကြည့်ပြီး "ဟဲ့ မောင်ယုန်၊ ဘယ်လိုဖြစ်နေတာလဲ၊ ဒီလောက်သာယာလှပတဲ့ရှုခင်းတွေကို ပြပေးနေတာတောင် ဘာအသံမှ မထွက်ပါလား၊ ဘာတွေကို စဉ်းစားနေတာလဲ"လို့ မေးရတဲ့အထိ ဖြစ်လာတယ်။

ဟုတ်တယ်လေ၊ ဒီလိုရှုခင်းမျိုးတွေက ကြုံတောင့်ကြုံခဲ့တွေပေါ့၊ ဒီလိုနေရာမျိုးကလည်း တစ်သက်နဲ့တစ်ကိုယ်ရောက်ဖို့ကလည်း မလွယ်ဘူးလေ။

"အစ်ကိုကြီးလိပ်၊ ဒီလို ရှားရှားပါးပါး ရှုခင်းတွေကို လိုက်ပြပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဒီရှုခင်းတွေကို စိတ်မဝင်စားနိုင်ပါဘူး၊ ဒို့ထက် စိတ်ဝင်စားစရာရှိနေလို့ပါ"။

"မင်းက ဘာတွေကိုများ စိတ်ဝင်စားနေတာလဲ"။

"ကျွန်တော်စိတ်ဝင်စားတာက အစ်ကိုကြီးရဲ့စိတ်၊ အခုလို ကျောကုန်းပေါ်ကိုတင်ပြီး ကျွန်တော့်ကို ဘာလို့ခေါ်လာခဲ့တာလဲ၊ အစ်ကိုကြီးက တစ်ယောက်တည်း ရေကူးလာပြီး အနိုင်ယူလို့ရပါလျက်နဲ့ ဘာလို့များ ကျွန်တော့်ကို ကျောကုန်းပေါ်ကို တင်ခေါ်လာရတာလဲ၊ အဲဒီလိုတင်ခေါ်လာတဲ့ အစ်ကိုကြီးရဲ့စိတ်ကို သိအောင်လို့ ကြည့်ချင်နေတာ၊ စိတ်ဝင်စားနေတာ"။

"ဩော်၊ ဒီလိုလား၊ အဲဒီလို ငါ့စိတ်ကို သိချင် မြင်ချင်ရင် မင်းစိတ်ကို ကြည့်လိုက်ပေါ့"။

"ဗျာ"

"ဒီမယ် မောင်ယုန်၊ ငါ့ကိုများ မသိဘူးလို့ ထင်နေသလား၊ မင်းနဲ့ငါ ပထမအခေါက် စပြိုင်ကတည်းက မင်းက လမ်းတစ်ဝက်မှာ အိပ်မောကျနေတယ်၊ ငါက ဆက်ပြေးတော့ ငါနိုင်တယ်၊ မင်းရှုံးတယ်၊ ဒါက ပရိသတ်အမြင်၊ အများအမြင်"။

"ဒါပေမဲ့ မင်းနဲ့ ငါပဲသိတာကို ပရိသတ်တွေကတော့ ဘယ်သိမလဲ၊ ဘယ်မြင်မလဲ၊ လမ်းတစ်ဝက်မှာ ငါက မင်းကို ဖြတ်လာတော့ မင်းက မျက်လုံးလေးတစ်ဖက်နဲ့ ဖွင့်ကြည့်လိုက်တာကို ငါမမြင်ဘူးလို့ ထင်လို့လား"။

"ဩော်၊ ကျွန်တော် မအိပ်တာကို အစ်ကိုကြီးက သိတယ်ပေါ့၊ ဟုတ်သလား"။

"နောက်တစ်ခေါက် ပြိုင်ပြန်တော့လည်း မင်းက ပန်းတိုင်အနားမှာ အိပ်မောကျနေတာလေ၊ ဒါကပရိသတ်တွေရဲ့ အထင်တွေ အမြင်တွေပါလေ ။ သူတို့က မင်း မျက်စိဖွင့်ကြည့်တာကို ဘယ်သိမလဲ၊ မင်းကို ပျင်းလို့ ထင်နေကြတာကိုး၊ ငါသိတယ်၊ ငါက ဘယ်လောက်အထိ သိသလဲဆိုရင် အဲဒီပြိုင်ပွဲနှစ်ခေါက်လုံးဟာ ငါနိုင်တာမဟုတ်ဘူး။ မင်းက နိုင်တာ။ မင်းက နှစ်ခေါက်စလုံးကို နိုင်တာ"။

"မင်းပဲ စဉ်းစားကြည့်လေ၊ မင်းလို အပြေးချန်ပီယံနဲ့ ငါနဲ့က ပြိုင်ဘက်မှ မဟုတ်တာ၊ တတိယ အခေါက်ကသာ ပုံမှန်ပြိုင်ပွဲ၊ ပုံမှန်အနိုင်အရှုံး။ ဘယ်သူမှ ငြင်းမရဘူးလေ။ အဲဒီလို အရှုံးမျိုးကို ငါကလည်း လက်ခံတယ်၊ ပရိသတ်တွေကလည်း လက်ခံကြတယ်လေ"။

"ဩော်"

"ဒါကြောင့် ငါ ပြောတာပေါ့၊ ငါ့စိတ်ကို မြင်ချင်ရင် မင်းက ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်လိုက်ပေါ့"လို့။

"ကျေးဇူးပါအစ်ကိုကြီး၊ ကျွန်တော်လည်း အစ်ကိုကြီးရဲ့စိတ်ဓာတ်ကောင်းမျိုးလိုကိုပဲ မွေးမြူပါတော့မယ်"။

"ကျေးဇူးအထူးတင်ပါတယ်ညီလေးရာ၊အစ်ကိုကြီးလည်းညီလေးရဲ့စိတ်ဓာတ်ကောင်းမျိုးလိုကိုပဲ မွေးမြူပါတော့မယ်"။

သူတို့နှစ်ယောက်ရောက်နေတဲ့ ကျွန်းရဲ့နာမည်က "ညီညွတ်ရေးကျွန်း"လို့ ခေါ်ပါသတဲ့။ ။

## နေပြည်တော်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး နေပြည်တော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်ရန် အတွက် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာလျက်ရှိရာ အမည်စာရင်းများ မှန်ကန်စေရေး အတွက် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်း ကြီးကြပ်လျက်ရှိသည်။



အဆိုပါ ကွင်းဆင်းကြီးကြပ်ခြင်းလုပ်ငန်းများကို မြို့နယ် အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များက မိမိတို့တာဝန်ကျရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ သွားရောက်ပြီး မဲစာရင်းများကို ပြည်သူများလာရောက်ကြည့်ရှုစေရေးနှင့် မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃)ဖြင့် ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မဲစာရင်းပါ အမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်လွှာ တင်သွင်းနိုင်ရေးတို့ကို ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ပထမအကြိမ် မဲစာရင်းကြေညာထားမှု တာဝန်ရှိသူများလိုက်လံကြည့်ရှုစစ်ဆေး

**အင်းစိန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ



အတွက် ရပ်ကွက်တွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကြေညာထားရှိမှုကို မဲစာရင်းမှန်ကန်စေရေးကိစ္စရပ်များနှင့် ပတ်သက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါပထမအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် သက်ဆိုင်ရာ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် ကပ်ထားကြေညာထားရှိမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အင်းစိန်မြို့နယ်၌ ရပ်ကွက် ၂၁ ခုရှိရာ မဲဆန္ဒရှင်ပြည်သူများက မိမိနာမည်ပါ၊ မပါနှင့် မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရန်အတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၂၀ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားကြေညာထားရှိရာ ပြည်သူများ ဆက်လက်လာရောက်ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၁၂**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ပထမအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာထားရှိခဲ့ရာ ယနေ့တွင်လည်း ပြည်သူများ ဆက်လက်လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်အထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားမည်



ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့်လည်းကောင်း၊ အမည်နှင့်အချက်အလက်များကို ကန့်ကွက်လိုလျှင် ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အလက်များ ပြင်ဆင်လိုလျှင် ပုံစံ(၄-က)ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်းနှင့် အဆိုပါ သတ်မှတ်ပုံစံများကို သက်ဆိုင်ရာရပ်/ကျေးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတို့၌ အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။ **အေးမဉ္ဇူ**

## ပေါင်းတည်၌ ပထမအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားဆောင်ရွက်ထားရှိမှု ဆက်လက်ကြည့်ရှုစစ်ဆေး

**ပေါင်းတည် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မကြာမီကျင်းပတော့မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာများ၏ သတ်မှတ် နေရာများတွင် စက်တင်ဘာ၃၀ရက်မှစ၍အသီးသီး ကပ်ထား ကြေညာထားရှိရာ ယနေ့အထိ ရပ်ရွာပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။



ထိုသို့ မဲဆန္ဒရှင်အမည်စာရင်း များ ကပ်ထားကြေညာထားရာ၌ မဲဆန္ဒရှင်အရေအတွက်နှင့် အမည် များတိကျမှန်ကန်ရေး၊ မဲဆန္ဒရှင် များ မကျန်ရှိစေရေးတို့အတွက် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူ များဆက်လက်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက် ရှိကြောင်း၊ မြို့နယ်အတွင်း ရပ်ရွာများရှိ မဲဆန္ဒရှင်များအနေဖြင့် ကပ်ထား စာရင်းတွင်မပါရှိပါက မဲဆန္ဒပေး နိုင်ရန် မြို့နယ်အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်ရုံးသို့ အကြောင်းကြား လျှောက်ထားနိုင် ကြောင်းနှင့် ကန့်ကွက်လိုပါက လည်း သတ်မှတ်လျှောက်လွှာပုံစံ ဖြင့် ကန့်ကွက်နိုင်ကြောင်း သိရ သည်။

**ရွှေသား(IPRD)**

## တောင်ဥက္ကလာပမြို့နယ်၌ ပထမအကြိမ် မဲစာရင်းကြေညာထားမှုအား တာဝန်ရှိသူများ လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရပ်ကွက်များတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကြေညာထားရှိမှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါမဲစာရင်းကပ်ထားကြေညာထားရှိမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တောင်ဥက္ကလာပမြို့နယ်၌ ရပ်ကွက် ၁၃ ခုရှိရာ မဲဆန္ဒရှင်ပြည်သူများက မိမိနာမည်ပါ၊ မပါနှင့် မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲပေးပိုင်ခွင့်များဆုံးရှုံးမှုမရှိစေရန်အတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၂၀ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



## သရက်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများနှင့် Call Centre ဖွင့်လှစ်ထားရှိမှု လိုက်လံကြည့်ရှု

**သရက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှုအား သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၁၁ ရက်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကြေညာထားရှိမှုအား လိုက်လံကြည့်ရှုခဲ့သည်။

ယင်းသို့ကြည့်ရှုစဉ် သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့၌ Call Centre ဖွင့်လှစ်ထားရှိမှုနှင့် ရွေးကောက်ပွဲကာလတွင် မသမာသူများက ဆက်သွယ်ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် လိုအပ်သည်များကိုကြိုတင်ဆောင်ရွက်ထားရှိရန်၊ နေ့စဉ်မှတ်တမ်းများကိုလည်း ပြည့်စုံစွာထားရှိ မှတ်တမ်းတင်ကြရန်၊ ရွေးကောက်ပွဲအောင်အောင်မြင်မြင်ပြီးမြောက်ရေးသည်အဓိကဖြစ်ပါကြောင်း အလေးထားညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အရေးကြီးကိစ္စများရှိလျှင် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



## ဒေါပုံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများစာရင်းကို ပထမအကြိမ် ကပ်ထားကြေညာထားရှိရာ ပြည်သူများနေ့စဉ်လာရောက်ကြည့်ရှု

**ဒေါပုံ အောက်တိုဘာ ၁၂**

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ပထမအကြိမ် ရပ်ကွက်များအလိုက် ကပ်ထားကြေညာထားရာ နေ့စဉ်နံနက် ၇ နာရီမှ ည ၉ နာရီအထိ လာရောက်ကြည့်ရှုနိုင်သည်။

ဒေါပုံမြို့နယ်၌ ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက် အတွင်းရှိ ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေးအတွက် မဲစာရင်းများကို အောက်တိုဘာ ၂၀ ရက်အထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားမည်ဖြစ် ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# ဂါဇာအရေး နိုင်ငံတကာထိပ်သီးဆွေးနွေးပွဲ အီဂျစ်နိုင်ငံ၌ ကျင်းပမည်




**ဂါဇာစီးတီး အောက်တိုဘာ ၁၂**

ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ပွဲများအပြီးတိုင်ရပ်တန့်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးရန် နိုင်ငံတကာ ထိပ်သီးဆွေးနွေးပွဲကို အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် အောက်တိုဘာ ၁၃ ရက်တွင် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံက အစ္စရေးနှင့် ဟားမတ်စ်တို့အကြား စေ့စပ်ညှိနှိုင်းပေးသည့် စေ့စပ်ညှိနှိုင်းရေးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

လက်ရှိတွင် အစ္စရေးနှင့်ပါလက်စတိုင်းတို့က ဒေါ်နယ်ထရမ့် အဆိုပြုသည့် ငြိမ်းချမ်းရေးအစီအစဉ်၏ ပထမအဆင့်ကို နှစ်ဖက်စလုံးက သဘောတူညီခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေး ဒုတိယမြောက်နေ့သို့ဝင်ရောက်လာချိန်တွင် အဆိုပါ ထိပ်သီးဆွေးနွေးပွဲကျင်းပမည့် ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးအစီအစဉ်၏ ပထမအဆင့်ကို လိုက်နာလျက်ရှိသည့်အတွက် တိုက်ပွဲအသစ်များ မဖြစ်ပွားသေးကြောင်းနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်သူ ဒေသခံများက ၎င်းတို့၏နေရပ်သို့ပြန်လည်သွားရောက်လျက်ရှိသည်။

ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတကာထိပ်သီးဆွေးနွေးပွဲကို အီဂျစ်နိုင်ငံအရှေ့ပိုင်း ရှာမ်အီလ်ရှိတ်ခ်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက ပြောကြားသည်။

ငြိမ်းချမ်းရေးထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်း ၂၀ ကျော် ပါဝင်မည်ဖြစ်ပြီး ကျင်းပရခြင်းရည်ရွယ်ချက်မှာ ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသော တိုက်ပွဲများကို အဆုံးသတ်ရန်နှင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆောင်ကြဉ်းရန် ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်ကြောင်း ၎င်းကဆိုသည်။

ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမာ၊ ပြင်သစ်သမ္မတ မက်ခရွန်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သို့သော် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယခုအချိန်တွင် တက်ရောက်မည်မဟုတ်ကြောင်း မီဒီယာအချို့က သတင်းဖော်ပြသည်။ အလားတူ ဟားမတ်စ်တို့ကလည်း ပါဝင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသဘောတူညီချက်၏ ပထမအဆင့်တွင် သဘောတူညီထားသည့်အချက်မှာ အပစ်အခတ်ရပ်စဲပြီး ၇၂ နာရီအတွင်း ဓားစာခံအားလုံးကို ဟားမတ်စ်အဖွဲ့က လွှတ်ပေးရမည်ဖြစ်သည်။ စည်းကမ်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်လားဆိုသည်ကိုဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# အစ္စရေးနိုင်ငံ တဲအဗစ်မြို့၌ ပြန်လည်လွတ်မြောက်လာမည့် ဓားစာခံများကို မိသားစုဝင်များက စောင့်မျှော်လျက်ရှိ

**ဂျေရုဆလင် အောက်တိုဘာ ၁၂**

အစ္စရေးနှင့်ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ပြန်လည်လွတ်မြောက်လာမည့် မိသားစုဝင်များကို စောင့်မျှော်နေသည့် ပြည်သူများက အစ္စရေးနိုင်ငံ တဲအဗစ်မြို့၌ လူထုစုဝေးပွဲတစ်ရပ် ယမန်နေ့တွင် ပြုလုပ်ခဲ့သည်။

၎င်းတို့အနက် အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီးဗ်ဝတ်ကော့ဖ် အပါအဝင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ သမီး အီဗန်ကာနှင့် ၎င်း၏ခင်ပွန်း ဂျာရတ်ကူရှာနာတို့လည်း တက်ရောက်ခဲ့သည်။

ဓားစာခံများ၏ မိသားစုများနှင့် ၎င်းတို့၏ ထောက်ခံသူများက အစ္စရေး၏ အကြီးဆုံးစီးပွားရေးမြို့တော် တဲအဗစ်မြို့၌ စနေနေ့ညတိုင်း တွေ့ဆုံကြသည်။ ယမန်နေ့တွေ့ဆုံမှုသည် အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။

တက်ရောက်လာသူများက ကြွေးကြော်သံများ ရွတ်ဆိုကာ ဓားစာခံများ၏ ဓာတ်ပုံများနှင့် သမ္မတထရမ့်ကို ကျေးဇူးတင်သည့် စာတန်းများ ကိုင်ဆောင်ခဲ့ကြသည်။

ဓားစာခံများ ပြန်လည်လွတ်မြောက်လာမည်ကို ယုံကြည်ကြောင်းနှင့် သမ္မတ ထရမ့်သည် ဂါဇာအရေးကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်ကြောင်း အသက် ၅၀ အရွယ်အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ဘာသာပြန် – အောင်ကျော်ကျော်**

# ဘရူနိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဝက်ဘ်ဆိုက်အတု ထွက်ပေါ်လာ၍ သတိပေး

**ဘမ်ဒါဆရီဘီဂါဝမ် အောက်တိုဘာ ၁၂**

ဘရူနိုင်းနိုင်ငံတွင် အစိုးရရင်းနှီးမြှုပ်နှံမှုပလက်ဖောင်းဝက်ဘ်ဆိုက်ဟုအမည်ရသည့် အွန်လိုင်းမှသတင်းတု၊ သတင်းမှားများထုတ်လွှင့်နေသည့် ဝက်ဘ်ဆိုက်ကို နိုင်ငံသားများအနေဖြင့် သတိပြုရှောင်ရှားကြရန် ဘရူနိုင်းဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနက နိုင်ငံသားများအား သတိပေးပြောကြားသည်။

ဘရူနိုင်းဒါရူဆလမ်အစိုးရက တည်ထောင်သည့် အစိုးရစာချုပ်ပလက်ဖောင်းဟု အမည်ရသည့် ဝက်ဘ်ဆိုက်တွင် ရေးသားထားသည့် သတင်းများကို မယုံကြည်ရန် နိုင်ငံသားများအား ယင်းဝန်ကြီးဌာနက ပြောကြားသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းအယောင်ဆောင်၍ လိမ်လည်ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအမျိုးအစားဖြစ်ကာ ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်ချမှတ်နိုင်သည့် ပြစ်မှုဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် သတင်းတု၊ သတင်းမှားများကို ဖြန့်ဖြူးပါက ပြည်သူ့အမိန့်ကြော်ငြာစာ အက်ဥပဒေအရ ဘရူနိုင်းဒေါ်လာ ၃၀၀၀နှင့် ထောင်ဒဏ်သုံးနှစ်ချမှတ်နိုင်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# အာကာသ၌ လက်ထပ်ပွဲကျင်းပရန် တွမ်ခရုစ် စီစဉ်

**ဝါရှင်တန် အောက်တိုဘာ ၁၂**

အသက် ၆၃နှစ်အရွယ်ရှိ သရုပ်ဆောင် တွမ်ခရုစ်သည် အသက် ၃၇နှစ်အရွယ်ရှိ သရုပ်ဆောင် Ana de Armas နှင့် အာကာသထဲတွင် မင်္ဂလာပွဲကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

၎င်းတို့စုံတွဲသည် *Mission: Impossible* ရုပ်ရှင်ကဲ့သို့ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲတစ်ခုကို အာကာသထဲတွင် ကျင်းပရန် ဆောင်ရွက်နေကြောင်း သိရသည်။



**ပြောကြား**

၎င်းတို့နှစ်ဦးသည် စွန့်စားခန်းများကို နှစ်သက်ပြီး အာကာသထဲတွင် ပထမဆုံးလက်ထက်မယ့် စုံတွဲ ဖြစ်လာမယ်ဆိုတဲ့ အရာက တွမ်ခရုစ်ကို စိတ်လှုပ်ရှားစေခဲ့ကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။

တွမ်ခရုစ်သည် ယခင်က သုံးကြိမ် လက်ထပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား–ချီဆန်းဒေးလီး**
**ဘာသာပြန်–စိုးသူရ**



# မက္ကဆီကိုနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွား၊ ၃၇ ဦး သေဆုံး

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၂**

မက္ကဆီကိုနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၃၇ ဦး သေဆုံးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးအဖွဲ့က ပြောကြားသည်။

အောက်တိုဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့၌ မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။

မက္ကဆီကိုအလယ်ပိုင်းရှိ ဟီဒါဂိုပြည်နယ်တွင် သေဆုံးသူ ၂၂ ဦး၊ ပီယူဘီလာပြည်နယ်တွင် ကိုးဦး၊ ဗီရာခရုဇ်ပြည်နယ်တွင် ငါးဦးနှင့် ကွာရီတာရိုပြည်နယ်တွင် တစ်ဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

မြေပြိုမှုများကြောင့် ငါးဦး ပျောက်ဆုံးနေပြီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် အခြားအဆောက်အအုံများစွာပျက်စီးခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနက ရေဘေးသင့်ဒေသများရှိပြည်သူများကိုကူညီရန် တပ်ဖွဲ့ဝင် ၅၄၀၀ ခန့် စေလွှတ်ထားကြောင်း သိရသည်။

ပစိဖိတ်ကမ်းရိုးတန်းမှ အပူပိုင်းမုန်တိုင်း ရေမွန်ချဉ်းကပ်လာခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မက္ကဆီကိုနိုင်ငံရှိ ပြည်နယ်အများအပြားတွင် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များနှင့် ရေယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ ရက်တွင် ဒိုက်ဦးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ်တန် ၁၄.၂၀ (ခန့်မှန်းတန်ဖိုးငွေ ၃၄၀၉၉၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် မန္တလေးမြို့ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၆၀၅၂၀၇၅ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၆၀၅၂၀၇၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဗိုလ်တထောင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၁စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၃၇၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်

ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ ရက်တွင် ညောင်ခါးရှည် အမြဲတမ်း စစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၆၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toe M.P.V Micro Bus တစ်စီး၊Hyundai Porter II တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၂၄၆၀၇၈၃၄၃ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV.Htar Wara Lont La ရေယာဉ် တစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၁၈၃၇၀၈၃၄၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၃၈၅၁၄၁၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ယာယီတိမ်းရှောင်စခန်းနေ မိသားစုများအတွက် ဆန်ရိက္ခာနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**မြစ်ကြီးနား အောက်တိုဘာ ၁၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း ယာယီတိမ်းရှောင်မိသားစုများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးလျက်ရှိရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် ရွှေစက်ရပ်ကွက်အတွင်းရှိ ယာယီတိမ်းရှောင်စခန်းများမှ အိမ်ထောင်စုများနှင့် နောင်နန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုများကို သွားရောက်တွေ့ဆုံပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးသည်။



ဦးစွာ ရွှေစက်ရပ်ကွက်အတွင်းရှိ မြစ်ကြီးနားဇုန်နယ် လီဆူနှစ်ခြင်းအသင်းတော်များအဖွဲ့ ယာယီတိမ်းရှောင်စခန်းသို့ သွားရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အဆိုပါစခန်း၌ COC ဘုရားကျောင်း၊ နာဇရပ်အသင်းတော် ကျမ်းစာကျောင်း၊ ခိုလှုံရာလူငယ်ပြုစုရေးသင်တန်းကျောင်း၊ ဦးမိုတီရမ်းခြံဝင်းနှင့် ခရစ်တော်၏အသင်းတော်စခန်းတို့တွင် ဝိုင်းမော်မြို့နယ်အတွင်းမှ ယာယီလာရောက်ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စု ၁၉၉ စုအတွက် ဆန် ၂၄ ပြည်ပါအိတ် ၁၉၉ အိတ်၊ ဆီ ၁၉၉ ပိသာ၊ ကြက်ဥအလုံး ၃၉၈၀ နှင့် ကျောင်းသုံးကိရိယာပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ အိမ်ထောင်စုများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နောင်နန်းကျေးရွာအုပ်စု မော်တောင်းကျေးရွာအတွင်းရှိ ဂျော်မဆပ်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အိမ်ထောင်စု ၈၁ စုအတွက် ဆန် ၂၄ ပြည်ပါအိတ် ၈၁ အိတ်နှင့် ဆီ ၈၁ ပိသာတို့ကို ထောက်ပံ့ပေးအပ်ကာ စခန်းတာဝန်ရှိသူများနှင့် ကျေးရွာတာဝန်ခံများ၏ အိမ်ထောင်စုများအတွက် ယာယီနေအိမ်ဆောက်လုပ်ပေးနိုင်ရေးနှင့် ကျေးရွာတွင်းလမ်းခင်းပေးနိုင်ရေးနှင့်စပ်လျဉ်း၍ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မအူပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မအူပင် အောက်တိုဘာ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ မအူပင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက အင်ဂျင်နီယာချုပ်(မြို့ပြ) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)မှ ဦးကျော်ကျော်ထွေးက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မအူပင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် သောင်တန်း-တံခွန်တိုင်-မီးသွေးချောင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို သွားရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မအူပင်ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် မအူပင်မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) (တာဝန်)တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)က လုပ်ငန်းများကို အချိန်မီပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

## ကြခတ်ကုန်းတံတား တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကြခတ်ကုန်းကျေးရွာအုပ်စု ကြခတ်ကုန်း - ကျောင်းစု - ကလ ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိသော ကြခတ်ကုန်းတံတားတည်ဆောက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး ကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါ ကြခတ်ကုန်းတံတားသည် အရှည်ပေ ၆၀၊ အကျယ်ပေ၂၀ ရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးမှု အခြေအနေကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)တို့က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါကြက်ခတ်ကုန်းတံတား တည်ဆောက် ပြီးစီးမှုကြောင့် ကျေးရွာ ၃၀၊ အိမ်ခြေ ၁၅၀၀ နှင့် လူဦးရေ ၅၂၅၀ တို့၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

## မြန်အောင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**မြန်အောင် အောက်တိုဘာ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ကနောင်မြို့ အမှတ်(၅) ရိုက်စုရပ်ကွက် အဓိပတိ စက်သုံးဆီအရောင်းဆိုင်၌ ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့သည်။

အသိပညာပေး စစ်ဆေး ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးရဲအောင် ကြီးကြပ်မှုဖြင့် သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သော အချက်များ၊ လျှပ်စစ်မီးကြိုး သွယ်တန်းထားရှိမှု၊ ဆီဆိုင်ဝန်းကျင်အမှိုက်ကင်းစင်ရေး၊ မီးသတ်ဆေးဘူးများ လုံလောက်အောင် ထားရှိရေး၊ သဲအိတ်နှင့်ရေများ ထားရှိစေရန်နှင့် ဆီသိုလှောင်ကန်များတွင် အအေးပေးစနစ် ထားရှိရေး စစ်ဆေးအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**






## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## တပ်ကုန်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ



တပ်ကုန်း အောက်တိုဘာ ၁၂

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်သင်းသင်းလှိုင် (သင်းသင်းလှိုင် - တပ်ကုန်း)၊ ဒေါ်မြသန္တာ(မြပုလဲ)တို့က စာပေဝါသနာပါသူများနှင့်အတူ စာရေးဆရာ အောင်သင်းရေးသားသည့် "ကလေး လူငယ် လူကြီးနှင့် စာပေ" စာအုပ်တွင် ပါရှိသော ကလေး လူငယ် လူကြီးနှင့် စာပေ၊ လုပ်ချင်တာလုပ် လုပ်သင့်တာတော့ ပြီးအောင်လုပ်၊ ဒေါသလည်းဖြစ် စိတ်လည်းညစ်၊ ပုံပြင်လက်ဆောင် စသည့်ခေါင်းစဉ်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် အွန်လိုင်းမှ တစ်ဆင့် အသိပညာပေး အစီအစဉ်များကို စဉ်ဆက်မပျက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စာဖတ်ဝိုင်းများကိုလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင့်တင့်



## ချမ်းအေးသာစံမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၁၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသားလူငယ်များ ဗလငါးတန် ပြည့်စုံစေရန်ရည်ရွယ်၍ မြို့နယ်ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတို့၌ အောက်တိုဘာ ၁၁ ရက်မှစတင်ကျင်းပရာ ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

မြို့နယ်အဆင့်စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့ရာ Grade-5 မှ Grade-9 အထိ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၆၃ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၇၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများအား စဉ်ဆက်မပျက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့မောင်

## ဖျာပုံမြို့နယ်၌ ကွန်ကရစ်တံတား တည်ဆောက်နေမှု ကွင်းဆင်းကြည့်ရှု

ဖျာပုံ အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဖျာပုံ-အပြောင်-ကျီးနှစ်ပင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အပြောင်ချောင်းကူး ကွန်ကရစ်တံတား ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၁ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမိုးမြင့်နှင့် တာဝန်ရှိသူများက ဖျာပုံ-အပြောင်-ကျီးနှစ်ပင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အပြောင်ချောင်းကူး ကွန်ကရစ်တံတား ပေ ၁၂၀ လုပ်ငန်းများဆောင်ရွက်ရာတွင်



သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

## ကန့်ဘလူမြို့၌ စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



ကန့်ဘလူ အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့၌ နိုင်ငံ့ဝန်ထမ်းများ စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့က ကြီးကြပ်၍ ဆီလုပ်ငန်းရှင်များ ပူးပေါင်းကာ ယမန်နေ့နံနက်ပိုင်းတွင် ကန့်ဘလူခရိုင် စုပေါင်းရုံး၌ ရောင်းချပေးခဲ့သည်။

အဆိုပါ စားအုန်းဆီများ ရောင်းချပေးရာ၌ နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိစေရန်နှင့် သက်သာသော နှုန်းထားဖြင့် စားအုန်းဆီများကို စနစ်တကျ ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် တစ်ပိဿာ ငွေကျပ် ၈၆၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## မြစ်သားမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကျင်းပ

မြစ်သား အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြို့နယ်အတွင်းမှ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများပေါ်ထွက်လာစေရန် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မြစ်သားမြို့ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပသည်။

**ဝင်ရောက်ဖြေဆို**

အဆိုပါ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၅၅ ဦးတို့ ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရန်အတွက် မြို့နယ်ပညာရေးမှူးက ဦးဆောင်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ကြီးကြပ်၍ တာဝန်ကျ ဆရာ ဆရာမများက အနီးကပ် စောင့်ကြပ်ပေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# လူငယ်များအတွက်အရေးပါသော Soft Skills

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ယနေ့လူငယ်များသည် ပညာရေးကဏ္ဍတွင်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းခွင်တွင်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့်အတူ မရှိမဖြစ်လိုအပ်သော Soft Skills များကို သိရှိနားလည်ထားရန် အရေးကြီးသည်။ Soft Skills များသည် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများကဲ့သို့သော Hard Skills များနှင့်ကွဲပြားခြားနားသည်။ Soft Skills များတွင် ဝေဖန်ပိုင်းခြားနိုင်သောတွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ ပြည်သူလူထုရှေ့တွင် စကားပြောဆိုမှု၊ ပရော်ဖက်ရှင်နယ်အရေးအသား၊ အဖွဲ့လိုက်လုပ်ဆောင်မှု၊ ဒစ်ဂျစ်တယ်တတ်မြောက်မှု၊ ခေါင်းဆောင်မှု၊ ပရော်ဖက်ရှင်နယ်သဘောထား၊ အလုပ်ကျင့်ဝတ်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ယဉ်ကျေးမှုဆိုင်ရာကျွမ်းကျင်မှုတို့ ပါဝင်သည်။

ကျွမ်းကျင်မှု(Skill)ဟူသော စကားလုံးသည် လက်တွေ့လုပ်ဆောင်မှုကို မီးမောင်းထိုးပြသည်။ ကျယ်ပြန့်သော အဓိပ္ပာယ်ရှိသည်။ စင်စစ်ကျွမ်းကျင်မှုဟူသောစကားလုံးသည် ထိန်းချုပ်ရခက်သော လုပ်ဆောင်ချက်များကို ကျွမ်းကျင်ပိုင်နိုင်မှုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။ Soft Skills ဟူသော အသုံးအနှုန်းကို ၁၉၆၀ ပြည့်လွန်နှစ်နှောင်းပိုင်းတွင် အမေရိကန်တပ်မတော်မှ စတင်အသုံးပြုခဲ့သည်။ ၎င်းသည် စက်ယန္တရားများကို အသုံးချခြင်းမပြုသော မည်သည့်ကျွမ်းကျင်မှုကိုမဆို ရည်ညွှန်းသည်။ ၁၉၇၂ ခုနှစ်တွင် အမေရိကန်တပ်မတော်လေ့ကျင့်ရေးလက်စွဲစာအုပ်သည် Soft Skill ဟူသော အသုံးအနှုန်းကို တရားဝင်စတင်အသုံးပြုခဲ့သည်။ ထို့ပြင် စိတ်ပညာရှင် Nicholas Humphery က လူမှုဉာဏ်ရည်ဉာဏ်သွေးသည် အရည်အသွေးရှိသော ဉာဏ်ရည်ထက် လူကိုအဓိပ္ပာယ်ဖွင့်ဆိုသည်ဟု ဆိုသည်။ ယနေ့ခေတ် စက်မှုလုပ်ငန်းများစွာသည် ၎င်းတို့၏ဝန်ထမ်းများကို Soft Skills အရည်အချင်းပြည့်ဝအောင် ကျွမ်းကျင်မှုသင်တန်းများကို ပို့ချပေးလျက်ရှိသည်။

ပညာရေးနယ်ပယ်ကို လေ့လာကြည့်လျှင် လူငယ်များအတွက် Soft Skills များလိုအပ်သည်ကိုတွေ့ရသည်။ အလုပ်ရှင်များသည် ပညာတတ်လူငယ်များကို Soft Skills များရရှိစေရန် စီစဉ်ပေးကြသည်။ လူငယ်များအနေဖြင့် Soft Skills အရည်အချင်းပြည့်မြောက်ရန် ကြိုးပမ်းရာတွင် ပထမအဆင့်တွင် အကဲဖြတ်နည်းကို နားလည်ရန်လိုအပ်သည်။ Soft Skills သည် လူအချင်းချင်းဆက်ဆံရေးနှင့် ခေါင်းဆောင်မှုစွမ်းရည်တွင် မရှိမဖြစ်လိုအပ်သည်။

လူငယ်များအတွက် Soft Skills ဖွံ့ဖြိုးတိုးတက်မှုတွင် အခြားသူများနှင့် တက်ကြွစွာထိတွေ့ဆက်ဆံတတ်ရန်လိုအပ်သည်။ အပြုအမူဆိုင်ရာတုံ့ပြန်ချက်များကို လက်ခံလိုစိတ်ရှိရမည်ဖြစ်သည်။ Hard Skills ကို စာအုပ်တစ်အုပ် သို့မဟုတ် တစ်ဦးချင်းလေ့ကျင့်မှုမှ သင်ယူနိုင်သော်လည်း Soft Skills သည် ပတ်ဝန်းကျင်နှင့် အခြားလူများကို ကျွမ်းကျင်အောင် ပေါင်းစပ်ရန်လိုအပ်သည်။

၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော OECD ၏ "ပညာရေးနှင့်ကျွမ်းကျင်မှုများ ၂၀၃၀ ၏ အနာဂတ်" အစီရင်ခံစာတွင် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် နည်းပညာနှင့် ဉာဏ်ရည်တုဆိုင်ရာ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲမှုများကဲ့သို့သော ခေတ်ရေစီးကြောင်းအရ ပညာရေးတွင် Soft Skills များ၏ အရေးပါမှုကို မီးမောင်းထိုးပြထားသည်။ လုပ်သားဈေးကွက်ပြောင်းလဲမှုနှင့်အညီ အောင်မြင်မှုရရှိရန် အနာဂတ်လုပ်သားများသည် ကျွမ်းကျင်မှုများ လိုအပ်လာမည်ဖြစ်သည်။ "ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အလုပ်သမားများသည် လိုက်လျောညီထွေရှိမှု၊ ဘဝတစ်သက်တာသင်ယူမှုနှင့် စူးစမ်းလိုစိတ်အပေါ် အပြုသဘောဆောင်သောသဘောထားရှိရန် လိုအပ်သည့် ကျွမ်းကျင်မှုအသစ်များ အဆက်မပြတ်ရရှိရန် လိုအပ်လိမ့်မည်ဟု ၎င်းကဆိုသည်။

စာပေတွင် နောက်ထပ်အဓိကတွေ့ရှိချက်တစ်ခုမှာ ရေရှည်တွင် Soft Skills ၏ အကျိုးကျေးဇူးများကို ရရှိနိုင်စေရန် အထူးသဖြင့် အသက်(၁)နှစ်မှ (၉)နှစ်အထိ ကလေးများကို အာရုံစိုက်သင့်သည်ဟုဆိုသည်။ နိုဘယ်ဆုရှင် Heckman နှင့် Kautz တို့သည် Perry Preschool Soft Skills ပရိုဂရမ်၏ခွဲခြမ်းစိတ်ဖြာမှုတွင် အကျိုးရှိသောဘဝရလဒ်များကို ဖြစ်ထွန်းစေသည့်နည်းလမ်းများဖြင့် ပင်ကိုစရိုက်များ မည်သို့ပြောင်းလဲနိုင်သည်ကို တွေ့ရှိခဲ့ကြသည်။ အဆိုပါပရိုဂရမ်တွင် ဝင်ငွေနည်းသော လူမည်းမိသားစုများမှ အသက်(၃)နှစ်တွင် Initial IQ Scores 85 အောက်ရှိ (၃)နှစ်နှင့် (၄)နှစ်အရွယ်ကလေးများကို လူမှုဆက်ဆံရေးစွမ်းရည်များသင်ကြားပေးခြင်း ပါဝင်သည်။ ဤတွင် ကလေး ၁၂၈ ဦးသည် တက်ကြွစွာသင်ယူမှုကိုအလေးထားသည့် အရည်အသွေးဖြင့် မူကြိုပညာရေးအစီအစဉ်တွင် လေးနှစ်ပါဝင်ခဲ့ကြသည်။ ကလေးများသည် ၎င်းတို့၏ဆုံးဖြတ်ချက်ချခြင်းနှင့် ပြဿနာဖြေရှင်းခြင်းစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ဒီဇိုင်းထုတ်ထားသော လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည်။ ကလေးများသည် လူကြီးများ၏ပံ့ပိုးကူညီမှုဖြင့် ၎င်းတို့ကိုယ်တိုင်စီစဉ်လုပ်ဆောင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ပြုလုပ်ခဲ့ကြသည်။

Soft Skills ကို လူအချင်းချင်းဆက်ဆံရေး သို့မဟုတ် လူမှုဆက်ဆံရေးစွမ်းရည်ဟု မကြာခဏ ရည်ညွှန်းကြသည်။ လူငယ်များအတွက် Soft Skills များသည် သူငယ်ချင်းများ၊ မိတ်ဆွေများ၊ အခြားသူများနှင့် ထိထိရောက်ရောက်၊ လိုက်လျောညီထွေစွာ ဆက်ဆံပြောဆိုနိုင်စေရန် မရှိမဖြစ်လိုအပ်သော အရည်အချင်းများဖြစ်သည်။ ၎င်းတို့တွင် ပေါင်းသင်းဆက်ဆံရေး၊ အဖွဲ့လိုက်လုပ်ဆောင်မှု၊ ပြဿနာဖြေရှင်းခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးတို့ပါဝင်သည်။

ယနေ့ခေတ်လုပ်ငန်းခွင်သို့ရောက်ရှိနေသော လူငယ်များအတွက် Soft Skills သည် ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို တိုးတက်စေသည်။ ထို့ပြင် လူငယ်တစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းကို ဖွံ့ဖြိုးတိုးတက်စေသည်။ လူငယ်များအလုပ်လုပ်နေသော အဖွဲ့အစည်းအောင်မြင်မှုအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိသည်။ Soft Skills ကိုတန်ဖိုးထားကြသော လူငယ်များသည် လုပ်ငန်းခွင်အတွင်း ကုန်ထုတ်စွမ်းအား၊ ဆန်းသစ်တီထွင်မှုနှင့် စိတ်ကျေနပ်မှုတို့ကို ပံ့ပိုးပေးကြသည်။

Soft Skills များသည် လူငယ်တို့၏ကိုယ်ပိုင်သွင်ပြင်လက္ခဏာများဖြစ်ပြီး ယင်းတွင် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး၊ တီထွင်ဖန်တီးနိုင်မှုနှင့် ပေါင်းသင်းဆက်ဆံရေး စွမ်းရည်များပါရှိသည်။ ကမ္ဘာ့ခေတ်မီလုပ်ငန်းခွင်များတွင် Soft Skills များသည်လူငယ်များအတွက် နည်းပညာဆိုင်ရာအရည်အချင်းများကဲ့သို့ပင် အရေးကြီးသည်။ Soft Skills ရှိသောလူငယ်များသည် လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များ၊ အထက်လူကြီးများနှင့် အောင်မြင်သော အပြန်အလှန်ဆက်ဆံရေးကိုရရှိစေသည်။

လူငယ်များအတွက် အရေးပါသော Soft Skills တစ်မျိုးမှာ ဆက်သွယ်ရေးကျွမ်းကျင်မှုများ (communication Skills) ဖြစ်သည်။ ယင်းကျွမ်းကျင်မှုတွင် စကားပြောခြင်းနှင့် နားထောင်ခြင်း နှစ်မျိုးလုံး ပါဝင်သည်။ ကောင်းမွန်သော ပြောဆိုဆက်ဆံရေးစွမ်းရည်ဆိုသည်မှာ အခြားသူများ၏ထင်မြင်ယူဆချက်များနှင့်ခံစားချက်များကို နားလည်သဘောပေါက်နေချိန်တွင် မိမိ၏အတွေးများကို ပြတ်ပြတ်သားသားချပြနိုင်ခြင်းဖြစ်သည်။ ထို့ပြင် အဖွဲ့လိုက်ကျွမ်းကျင်မှုများ(Team Skills)သည် အခြားသူများနှင့် ထိထိရောက်ရောက် ပူးပေါင်းလုပ်ဆောင်နိုင်သော စွမ်းရည်ဖြစ်သည်။ ၎င်းတွင် သတင်းအချက်အလက်များမျှဝေခြင်း၊ အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ပဋိပက္ခများကို ဖြေရှင်းနိုင်မှုတို့ပါဝင်သည်။

လူငယ်များအတွက်ရှိအပ်သော Soft Skill တစ်ခုမှာ ပြဿနာဖြေရှင်းခြင်းစွမ်းရည်များ (Problem Solving Skills) ဖြစ်သည်။ ယင်းကျွမ်းကျင်မှုများတွင် စိန်ခေါ်မှုများအတွက် တီထွင်ဖန်တီးမှုများနှင့် ထိရောက်သော ဖြေရှင်းနည်းများကိုရှာဖွေနိုင်မှုတို့ ပါဝင်သည်။ ၎င်းတွင် ခွဲခြမ်းစိတ်ဖြာတွေးခေါ်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဖိအားအောက်တွင်မှန်ကန်သော ဆုံးဖြတ်ချက်များချနိုင်မှုတို့ ပါဝင်သည်။ ဥပမာ- အင်ဂျင်နီယာလူငယ်တစ်ဦးသည် ပရောဂျက်တစ်ခုအတွင်းပေါ်ပေါက်လာသော နည်းပညာဆိုင်ရာပြဿနာများကိုဖြေရှင်းရန်အတွက် ဆန်းသစ်တီထွင်သော ဖြေရှင်းနည်းများတီထွင်နိုင်သည်။

လူငယ်များအတွက် အခြားအရေးပါသော Soft Skill တစ်ခုမှာ အချိန်စီမံခန့်ခွဲမှု (Time Management) ဖြစ်သည်။ အချိန်စီမံခန့်ခွဲမှုသည် အလုပ်များကို စီစဉ်နိုင်ခြင်း၊ ဦးစားပေးသတ်မှတ်ခြင်းနှင့် သတ်မှတ်ရက်ပြည့်မီခြင်းစွမ်းရည်ဖြစ်သည်။ ၎င်းသည် တစ်ပြိုင်နက်တည်း ပရောဂျက်များစွာ သို့မဟုတ် တင်းကျပ်သောသတ်မှတ်ရက်များရှိသည့် အသက်မွေးဝမ်းကျောင်းများတွင် အထူးအရေးကြီးသည်။ ကောင်းမွန်သောအချိန်စီမံခန့်ခွဲမှုကို ကျင့်သုံးသော လူငယ်များသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထိရောက်စွာစုစည်းနိုင်ပြီး ဖောက်သည်အော်ဒါများကို အချိန်မီပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။

လိုက်လျောညီထွေဖြစ်မှု (Adaptability)သည် လူငယ်များအတွက်လိုအပ်သော Soft Skill တစ်ခုဖြစ်သည်။ လိုက်လျောညီထွေရှိမှုဆိုသည်မှာ အပြောင်းအလဲများနှင့် အခြေအနေသစ်များကို လိုက်လျောညီထွေစွာ တုံ့ပြန်နိုင်စွမ်းရှိသည်။ ယနေ့ခေတ် လျင်မြန်တိုးတက်နေသော လုပ်ငန်းခွင်ပတ်ဝန်းကျင်တွင် လူငယ်များသည် ၎င်းတို့၏ဗျူဟာများကို ပြောင်းလဲရန်ကြိုးပမ်းကြသည်။ AI ကဲ့သို့သောနည်းပညာသစ်များကို အသုံးပြုလာကြသည်။ ဥပမာ အိုင်တီကျွမ်းကျင်သော လူငယ်တစ်ဦးသည် ဆော့ဖ်ဝဲ update အသစ်များကိုလိုက်လျောညီထွေဖြစ်အောင် လျင်မြန်စွာ၊ ထိရောက်စွာပေါင်းစပ်ပေးနိုင်ကြသည်။


ကျောင်းသားလူငယ်များအတွက် Soft Skills များသည် ပေါင်းသင်းဆက်ဆံရေး၊ အဖွဲ့လိုက်လုပ်ဆောင်မှု၊ ပြဿနာဖြေရှင်းခြင်းနှင့် လိုက်လျောညီထွေဖြစ်မှုတို့ကို ဖော်ဆောင်ပေးသည်။ မိမိကိုယ်ကိုစီမံခန့်ခွဲနိုင်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာစွမ်းရည်အပြင် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည်များ ရရှိစေသည်။

လူငယ်များအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် လုပ်ငန်းနယ်ပယ်အပေါ်မူတည်၍ Soft Skills ရှိရန် လိုအပ်သည်။ ဥပမာ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အလုပ်လုပ်နေသာ လူငယ်ဆရာဝန်များသည် ဆက်သွယ်ရေးကျွမ်းကျင်မှုရှိရမည်ဖြစ်ပြီး စာနာမှုသည်လည်းအရေးပါသည်။ ရှုပ်ထွေးသော ဆေးဘက်ဆိုင်ရာအချက်အလက်များကို လူနာများအား ကိုယ်ချင်းစာနာစိတ်ဖြင့် ရှင်းလင်းပြောပြတတ်ရန် လိုအပ်သည်။

ထို့အပြင် အိုင်တီလုပ်ငန်းနယ်ပယ်တွင် အလုပ်လုပ်နေသောလူငယ်များအတွက် ပြဿနာဖြေရှင်းခြင်းစွမ်းရည်နှင့် အဖွဲ့လိုက်လုပ်ဆောင်မှုသည် အလွန်အရေးကြီးသည်။ နည်းပညာပြဿနာများကို ဖြေရှင်းပေးနိုင်စွမ်းရှိရမည်ဖြစ်သည်။ ပညာရေးနယ်ပယ်တွင် အလုပ်လုပ်နေသော လူငယ်ဆရာ ဆရာမများသည် ဆက်သွယ်ရေးကျွမ်းကျင်မှုနှင့် စိတ်ရှည်သည်းခံနိုင်ရမည်ဖြစ်သည်။ အသိပညာကိုရှင်းလင်းစွာနားလည်သဘောပေါက်အောင် ဟောပြောတတ်ရမည်ဖြစ်သည်။ စီမံခန့်ခွဲရေးနယ်ပယ်ရှိလူငယ်များသည် ပြောင်းလဲနေသောမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ လိုက်လျောညီထွေရှိရန်လိုအပ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မည်သည့်နေရာဒေသတာဝန်ထမ်းဆောင်သည်ဖြစ်စေ Soft Skills များကို လိုအပ်သလို အသုံးပြုသင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ



# ဗီယက်နမ်နိုင်ငံမှ ကိုယ်ကျိုးစွန့်လွှတ်သူကျေးလက်ဆရာများ



ဗီယက်နမ်နိုင်ငံသည် ပညာရေးကိုမြှင့်တင်ဆောင်ရွက်နေသည့်နိုင်ငံတစ်ခုအဖြစ် အရှေ့တောင်အာရှဒေသတွင် လူသိများနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတွင် ပညာတတ်လူငယ်များ အများအပြားရှိပြီး ၎င်းလူငယ်များက နိုင်ငံဖွံ့ဖြိုးရေးကိုကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နေခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံသားများ လူမှုစီးပွားဘဝများ အဆင်ပြေအောင်မြင်နေသည်ကို တွေ့ရှိရသည်။ နိုင်ငံရှိပညာတတ်လူငယ်များ၏ ကျေးလက်ဒေသအထိ ကိုယ်ကျိုးစွန့်ကာ ပညာသင်ကြားပေးသည့် အကြောင်းအရာများကို ရေးသားဖော်ပြလိုက်ပါသည်။

ဗီယက်နမ်နိုင်ငံ လန်ဆောင်ပြည်နယ် ဗန်ကွမ်ခရိုင်တွင်နေထိုင်သည့် လယ်သမားမိသားစုမှ ဆင်းသက်လာသည့် ဒိုသီလန်အမည်ရှိအမျိုးသမီးသည် ဒေသအတွင်းရှိ လွန်နန်မူလတန်းကျောင်းတွင် ဆရာမတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘများ၏ လမ်းညွှန်မှုကြောင့် မိမိနေထိုင်ရာကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသည့်ကလေးများအား ပညာသင်ကြားပေးမည့်ဆရာမတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် စိတ်ပြင်းပြခဲ့ပြီး ယခုကဲ့သို့ ဆရာမတစ်ဦးဖြစ်ခဲ့ခြင်းဖြစ်သည်။

မိမိငယ်စဉ်က ကျောင်းတက်ရာတွင် ဖခင်က ကျောင်းခန်းထဲသို့လိုက်လာပြီး ဆရာများစာသင်ကြားနေသည်ကိုနားထောင်ခဲ့ရာမှပညာကိုလေးစားတန်ဖိုးထားလာပြီး သမီးဖြစ်သူအား အနာဂတ်ကာလတွင် ကျေးလက်ဒေသ၌ ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ပြီး ကျေးလက်ဒေသမှလူငယ်များ၏ ဘဝကိုမြှင့်တင်ပေးရေးအတွက် ဆောင်ရွက်ရန် အားပေးခဲ့သည်။

ကျေးလက်ဒေသမှ လူငယ်များအား ပညာသင်ကြားပေးမည့် ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် စိတ်ပြင်းပြသည့် ဒိုသီလန်သည် ၎င်းရည်မှန်းထားသည့် ရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် ဟိုင်ဒေါင်ပညာရေးကောလိပ်နှင့် လန်ဆောင်ပညာရေးကောလိပ်များတွင် ဆရာအတတ်ပညာများသင်ယူခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းစာမေးပွဲအောင်မြင်ကာ ဗန်ကွမ်ခရိုင်ရှိ ထရန်ဖိုင်ကျောင်းတွင် ဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ငါးနှစ်အကြာတွင် လက်ရှိတာဝန်ထမ်းဆောင်သည့်ကျောင်းသို့ ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သည်။

ကြမ်းတမ်းသည့် တောင်တန်းဒေသတွင် တာဝန်ထမ်းဆောင်ရသည့် ဒိုသီလန်သည် တိုင်းရင်းသားကလေးများအား ပညာတတ်များဖြစ်လာစေရေးအတွက် ကြိုးစားသင်ကြားပေးခဲ့သည်။ ပညာသင်ကြားရေးကဏ္ဍ၏ပြင်ပတွင် ကလေးများအား စာရိတ္တကောင်းစေရေးနှင့် ဘက်စုံထူးချွန်သူများအဖြစ် ဘဝရပ်တည်နိုင်ရေးအတွက် ဗဟုသုတများကို ဝေမျှခဲ့သည်။

ပညာသင်ကြားပေးသည့်အပြင် ကလေးများအား အဝတ်အစားခေါက်နည်းနှင့် ဆံပင်သပ်သပ်ရပ်ရပ်ထားရှိနည်းတို့ကဲ့သို့သော ဘဝနေနည်းများကို သင်ကြားပေးခဲ့သည့်အတွက် မိမိနှင့်ကလေးများ၏ဆက်ဆံရေးမှာ ဆွေမျိုးများကဲ့သို့ဖြစ်နေသည်ဟု ဒိုသီလန်က ပြောကြားသည်။

ကျောင်းတက်ရန် ပျက်ကွက်သည့် ကျောင်းသားများကိုလည်း ကျောင်းပျက်ရသည့် အကြောင်းရင်းကိုစုံစမ်းပြီး ကျောင်းတက်ချိန်တွင် စေတနာအပြည့်ဖြင့် ပြန်လည်သင်ကြားပေးခဲ့ရာ ကျောင်းသားများထံမှ ကျေးဇူးတင်အသိအမှတ်ပြုမှုကိုလည်း ရရှိခဲ့သည်။

မိမိပညာသင်ကြားပေးနေသည့် ဒေသတွင် ၂၀၁၇ ခုနှစ်က မုန်တိုင်းတိုက်ခတ်ခဲ့စဉ် ကျောင်းသားများသည် ၎င်းတို့နေထိုင်ရာဒေသမှ ကျောင်းသို့ရောက်ရှိရန်အတွက် တောင်ပေါ်ခရီးမှ လာရောက်ခဲ့ရာ ကျောင်းသို့ရောက်ချိန်တွင် အဝတ်အစားများ ညစ်ပေနေသည့်အတွက် အဝတ်အစားလဲပေးကာ ပြုစုစောင့်ရှောက်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း ဒိုသီလန်ကပြောကြားသည်။

ကျေးလက်ဒေသတွင် မည်သည့်အခက်အခဲများရှိစေကာမူ ဒေသခံကလေးများ ပညာတတ်ရေးအတွက် ကျေးလက်မှ ပြန်သွားမည်မဟုတ်ကြောင်းနှင့် ပညာသင်ကြားသည့်အလုပ်ကို ကြိုးစားဆောင်ရွက်မည်ဟု ဒိုသီလန်ကပြောကြားသည်။

ကျောင်းသားများအား အားပေးကူညီတတ်သည့် ဆရာမတစ်ဦးဖြစ်သည့် ဒိုသီလန်သည် မိမိဘဝကို ကျေးလက်မှကလေးများပညာသင်ကြားရေးအတွက် မြှုပ်နှံထားသည့် ဆရာကောင်းတစ်ဦးဖြစ်ကြောင်း လွန်နန်မူလတန်းကျောင်း ကျောင်းအုပ်ကြီး လိုင်သီသူက ပြောသည်။

ဗီယက်နမ်နိုင်ငံ ကျေးလက်ဒေသတွင် ကလေးများအား ပညာသင်ကြားပေးနေသည့် နောက်ထပ်ဆရာတစ်ဦး၏ အတွေ့အကြုံကိုလည်း ထပ်မံဖော်ပြလိုက်ပါသည်။

ဗီယက်နမ်နိုင်ငံ ကွမ်နန်ပြည်နယ်မှ ကျေးလက်ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ထရာသီသူသည် မြို့ပြ၏အဆင်ပြေမှုများကို စွန့်လွှတ်ကာ ကျေးလက်ရှိကလေးများအား ပညာသင်ကြားပေးနေသည့် ဆရာတစ်ဦးဖြစ်သည်။ ကွမ်နန်တက္ကသိုလ်မှ ပညာသင်ကြားရေးဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သည့်ထရာသီသူသည် ကျေးလက်ဒေသဖြစ်သည့် ကွန်နန်ပြည်နယ် နန်ထရေမိုင်ခရိုင် တက်ပိုရွာတွင် ဆရာတစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

အေးမြသည့်ရာသီဥတုရှိပြီး မြို့ပြဒေသကဲ့သို့ အဆင်ပြေမှုများမရှိသော်လည်း ကျေးလက်ဒေသရှိ ကလေးများ ပညာတတ်ရေးအတွက် လူငယ်တစ်ဦးဖြစ်သည့် မိမိဘဝကို ပညာသင်ကြားရေးလုပ်ငန်းတွင် မြှုပ်နှံသွားမည်ဟု ၎င်းကပြောကြားသည်။

ယခုဒေသ၌ ပညာသင်ကြားခဲ့သည့် ဆရာများတွင် အခက်အခဲများကြုံတွေ့ခဲ့ရပြီး အောင်အောင်မြင်မြင် ပညာသင်ကြားပေးနိုင်သကဲ့သို့ မိမိလက်ထက်တွင်လည်း ကျေးလက်ဒေသမှ ပညာတတ်များထွက်လာစေရေးအတွက် ကြိုးစားသင်ကြားပေးမည်ဟု ထရာသီသူက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများတွင် စာကြည့်တိုက်များဖွင့်လှစ်ကာ ကလေးများအား ဗဟုသုတရရှိစေရေးအတွက် ဆောင်ရွက်နေသည့် ဆရာများလည်းရှိနေသဖြင့် ဝမ်းသာဖွယ်ရာအချက်ပင်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် မျက်မှောက်ခေတ်တွင် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိရာ ဗီယက်နမ်နိုင်ငံ ကျေးလက်ဒေသရှိကလေးများအား ပညာသင်ကြားပေးနေသည့်လေးစားရမည့်ဆရာများ အကြောင်းကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ကိုးကား – Primary school teacher struggles with education in remote areas

**စိုးသူရ**



**ကြမ်းတမ်းသည့် တောင်တန်းဒေသတွင် တာဝန်ထမ်းဆောင်ရသည့် ဒိုသီလန်သည် တိုင်းရင်းသားကလေးများအား ပညာတတ်များဖြစ်လာစေရေးအတွက် ကြိုးစားသင်ကြားပေးခဲ့သည်။ ပညာသင်ကြားရေးကဏ္ဍ၏ပြင်ပတွင် ကလေးများအား စာရိတ္တကောင်းစေရေးနှင့် ဘက်စုံထူးချွန်သူများအဖြစ် ဘဝရပ်တည်နိုင်ရေးအတွက် ဗဟုသုတများကို ဝေမျှခဲ့**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြား တွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေပြောင်းထား ပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက် ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်း စာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှု သတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက် အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Grade 4**

**Unit 6**

**Myanmar and its neighbouring countries**

**Lesson 1 It's to the east.**

**I.Complete the sentences using the words from the box.**

**glasses hat key watch pen**

1. A __________ is something you use to open doors.
2. A __________ is something that people use to write with.
3. __________ are things you wear on your eyes to see better.
4. A __________ is something that you wear on your head.
5. A __________ is something you wear to see the time.

**II. Fill in the blanks with the missing words. The first letters are given to help you.**

1. We can read b_________ at the library.
2. We can buy m_______ and some vegetables at the market.
3. We can see wild a__________ at the zoo.
4. We can watch a f__________ at the cinema.
5. We can take t_________ to school from the train station.

**III. Fill in the blanks with the correct form of the wordsgiven in the brackets.**

1. (he) He doesn't have brothers or sisters in _______family.
2. (cook) My mother always loves __________.
3. (I) The library is to the west of __________ house.
4. (it) Laos is to the east of Myanmar. _______currency is the kip.
5. (neighbour) Myanmar has five __________ countries.

**IV. Fill in the blanks with the correct form of the verbs given in the brackets.**

1. (sit) He is __________ in front of the TV at home.
2. (be) India is the northwest of Myanmar. Its currency ______ Rupee.
3. (be) India and China __________ big countries.
4. (go) I __________ to the Shwedagon pagoda last month.
5. (be) Our country has five neighbouring countries. They __________ Laos, Thailand, Bangladesh, India and China.

**V.Complete the sentences by choosing the correct words given below.**

**to at in between on**

1. Laos is __________ China and Thailand.
2. Bangladesh is __________ the west of Myanmar.
3. I brush my teeth __________ the morning.
4. My parents always visit me __________ my birthday.
5. You can come __________ the weekend.

**VI. Unscramble the letters.**

| | |
|---|---|
| 1. saet | 1. __________ |
| 2. swet | 2. __________ |
| 3. ornht | 3. __________ |
| 4. uosth | 4. __________ |
| 5. ornthaest | 5. __________ |
| 6. osthustea | 6. __________ |
| 7. sothutsew | 7. __________ |
| 8. northtsew | 8. __________ |

**Answers**

**Unit 6 Myanmar and its neighbouring countries**

**Lesson 1 It's to the east.**

I.1. key 2. pen 3. glasses 4. hat 5. watch

II. 1. books 2. meat 3. animals 4. film 5. train

III. 1.his 2. cooking 3. my 4. its 5. neighbouring

IV. 1. sitting 2. is 3. are 4. went 5.are

V. 1. between 2. to 3. in 4. on 5. at

VI. 1. east 2. west 3. north 4. south 5. northeast 6. southeast 7. southwest 8. northwest

***************

**Grade 5**

**Unit 6 Staying healthy**

**Lesson 1: Health problems**

**Reading**

**II.(A) Look at the picture and write True or False to answer the given words.**

(1)  toothache (1) ______________

(2)  fever (2) ______________

(3)  toothache (3) ______________

(4)  headache (4) ______________

(5)  cold (5) ______________

**(B) Read the following dialogue and fill in the blanks with the suitable words given below.**

**hot thermometer fever from plenty temperature okay medicine rest Thank**

**Doctor:** Let me check your ______(1)_______. How long have you had a fever

**Child:** It started yesterday and I feel really _______(2)_______.

**Doctor:** I see. I'll take your temperature with this _______ (3)_______.

**Child:** Will it be _______(4)_______?

**Doctor:** Yes, it helps me understand your _______(5)_______.

**Doctor:** I'll give some ______(6)______ to lower the fever.

**Child:** Will I need to stay home ______(7)_______ school?

**Doctor:** Yes, it's best to _______(8)_______ at home until you feel better.

**Parent:** Thank _______(9)_______ you, Doctor!

**Doctor:** You're welcome! Drink _______(10)_______ of water and get lots of rest.

**(C) Read the passage and answer the questions.**

Healthy habits help us stay strong and happy. We should eat fruits and vegetables every day.

Drinking plenty of water keeps our bodies fresh. It is important to get enough sleep at night. We must brush our teeth twice a day. Washing our hands before eating keeps us safe. Exercising helps our bodies grow stronger. We should not watch too much TV or play on phones too long. Spending time outside in the fresh air is good for us. When we follow healthy habits, we feel better and live well.

(1) Why should we eat fruits and vegetables every day?
(2) What helps our bodies stay fresh?
(3) How many times should we brush our teeth?
(4) How does exercising help our bodies?
(5) Where is a good place to spend time for fresh air?

**Writing**

**III.(A)Fill in the blanks with a suitable word form.**

(1) (feel) She is ___________ sleepy after lunch.
(2) (care) Be ___________ when you carry the hot soup.
(3) (care) The nurse spoke to the patient ___________.
(4) (medicine) He went to the clinic for a ___________ test.
(5) (medicine) My brother needs ___________ for his cough.

**(B) Supply the correct form of the verb given the brackets.**

(1) (get) I ___________ ready now.
(2) (have) You should __________ some rest.
(3) (take) I ___________ medicine twice a day.
(4) (go) They ___________ to school every morning.
(5) (want) He ____________ to play outside yesterday.

**(C) Rearrange the following words in the correct order to make a sentence.**

1. and / fruits / I / eat / . / every day / vegetables /
2. is / for / good / water / . / Drinking / body / your /
3. active / . / I / play / outside / to / stay /
4. eating / before / hands / . / Wash / your /
5. twice / I / . / brush / my / a / teeth / day /

**Answers**

**Unit 6 Staying healthy**

**Lesson 1: Health problems**

**Reading**

II. (A) 1. False 2. False 3. False 4. False 5. True

(B) 1. temperature 2. hot 3. thermometer 4. okay 5. fever 6. medicine 7. from 8. rest 9. Thank 10. plenty

(C) 1. We should eat fruits and vegetables every day because they help us stay strong and happy. 2. Drinking plenty of water helps our bodies stay fresh. 3. We must brush our teeth twice a day. 4. Exercising helps our bodies grow stronger. 5. Outside is a good place to spend time for fresh air.

**Writing**

III.(A)1. feeling 2. careful 3. carefully 4. medical 5. medicine

(B) 1. am getting 2. have 3. take 4. go 5. wanted

(C)1. I eat fruits and vegetables every day. 2. Drinking water is good for your body. 3. I play outside to stay active. 4. Wash your hands before eating. 5. I brush my teeth twice a day.

***************

**Grade 6**

**Unit 6**

**Lesson 1: Let's eat out!**

**Speaking**

**(A) Complete the dialogues with the given words.**

**Dialogue (1)**

**help want menu recommend**

**Customer:** Excuse me, can you _____(1)_____ me find something to eat?

**Waiter:** Certainly! Would you like to see the _____(2)_____ first?

**Customer:** Yes, please. I _____(3)_____ something light and healthy.

**Waiter:** I _____(4)_____ the grilled chicken salad. It's very popular!

**Dialogue (2)**

**else have order like**

**Customer:** Hi, I'd like to _____(1)_____ a cheeseburger and a large soda, please.

**Waiter:** Sure! Would you _____(2)_____ fries with that?

**Customer:** Yes, please. And can I _____(3)_____ a chocolate milkshake too?

**Waiter:** Of course! Anything _____(4)_____?

**Customer:** No, that's all. Thank you!

**Dialogue (3)**

**water ready ready recommend special**

**Customer:** Hi, are you ___(1)___ to order dinner?

**Waiter:** Yes, I am. What do you ___(2)___?

**Customer:** Our ___(3)___ tonight is grilled chicken with vegetables or spaghetti with meatballs.

**Waiter:** I'll have the grilled chicken, please, and a side of vegetables.

**Customer:** Great choice. And for your drink?

**Waiter:** I'll have a glass of ___(4)___, thank you.

**Customer:** Sure thing. Your order will be ___(5)___ soon!

**Dialogue (4)**

**drink like order much**

**Waiter:** Are you ready to _____(1)_____?

**Customer:** I'd _____(2)_____ rice and chicken.

**Waiter:** Anything to _____(3)_____?

**Customer:** Cola, please? (a few minutes later)

**Customer:** Waiter, how _____(4)_____ does the bill come to?

Waiter: It's 4500 Kyats.

**Answers**

**Unit 6 Lesson 1: Let's eat out!**

Speaking (A) Dialogue (1) 1. help 2. menu 3. want 4. recomend

Dialogue (2) 1. order 2. like 3. have 4. else

Dialogue (3) 1. ready 2. recommend 3. special 4. water 5. Ready

Dialogue (4) 1. order 2. like 3. drink 4. much

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

**Grade 7**

## Unit 6

### Lesson 1: To the pizza shop

**I. Complete the dialogues with the given words.**

Dialogue (1)

where turn go near please

**Aung:** Excuse me, can you tell me _____(1)_____ the nearest bus stop is?

**Mya:** Yes! Just _____(2)_____ straight along this road.

**Aung:** After that, what should I do?

**Mya:** You need to _____(3)_____ right at the corner. The bus stop is _____(4)_____ the supermarket.

**Aung:** Thank you very much!

**Mya:** You're welcome! _____(5)_____ let me know if you need more help.

Dialogue (2)

get turn from walk Thank

**Soe Hla:** Excuse me, how do I _____(1)_____ to the post office?

**Myo Min:** Go straight and take the second _____(2)_____.

**Soe Hla:** Is it far _____(3)_____ here?

**Myo Min:** No, it's only a ten-minute _____(4)_____. It will be on your right.

**Soe Hla:** _____(5)_____ you very much!

**Myo Min:** You're welcome!

Dialogue (3)

show straight far next help

**Aye Thandar:** Can you ___(1)__ me where the library is?

**Min Htet:** Sure! Walk ____(2)__ for two blocks and then turn right.

**Aye Thandar:** Is it very ____(3)__ from here?

**Min Htet:** No, it's right ____(4)__ to the school, just past the park.

**Aye Thandar:** Thanks for your ________(5)__________!

**Min Htet:** You're welcome!

**II. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. I like to eat p_____ with cheese and tomato sauce.
2. Please follow the d_____on the map to find the nearest park.
3. I like to eat b_____ with butter and jam for breakfast.
4. The mechanic fixed the broken car in the g______.
5. Many colourful fishes can be seen at the a___________.
6. Mom went to the s______ to get notebooks and pens.
7. The flowers are bright and c____________.
8. Please send clothes to the l_____________.
9. We should avoid saying or doing things that may be o_____ to others.
10. The baker bakes his bread in the b_____________.

**III. Supply the correct form of the words given in brackets.**

1. (colour) I like _______ fishes very much.
2. (beauty) The flowers in the garden _____ our home.
3. (bake) There is a new ________at the corner of the street.
4. (swim) He is a good _____________.
5. (swim) The condominium has an indoor ________ pool.
6. (shop) Mother goes ___________ once a week.
7. (shop) The supermarket was packed with many ____________.
8. (engine) I am interested in __________. I want to be an engineer.

Answers

Unit 6 Lesson 1: To the pizza shop

Dialogue (1) 1. where 2. go 3. turn 4. near 5. Please

Dialogue (2) 1. get 2. turn 3. from 4. walk 5. Thank

Dialogue (3) 1. show 2. straight 3. far 4. next 5. help

II. 1. pizza; 2. directions; 3. bread; 4. garage; 5. aquarium; 6. stationery; 7. colourful; 8. laundry; 9. offensive; 10. bakery;

III. 1. colourful; 2. beautify; 3. bakery; 4. swimmer; 5. swimming; 6. shopping; 7. shoppers; 8. engineering;

*****************

**Grade 8**

## Unit 6

### Lesson 1: Our environment

Speaking

**(A) Complete the dialogue with the words given below. There are two extra words.**

pollution recycling save clean protect prevent environment

**Htet Htet:** Hi Shwe Mar! What are you learning in science class today?

**Shwe Mar:** Hello Htet! We are learning about the environment and how to (1)_______ it.

**Htet Htet:** That sounds interesting. Why is it important to protect the environment?

**Shwe Mar:** Because we need (2)_______ air, water and land to stay healthy.

**Htet Htet:** What can we do to help the environment?

**Shwe Mar:** We can recycle, (3)________ water, and plant more trees.

**Htet Htet:** Do you recycle at home?

**Shwe Mar:** Yes, we separate plastic, paper, and glass for (4)_________.

**Htet Htet:** What do you think about using bicycles instead of cars?

**Shwe Mar:** I think it's great! Bicycles don't make (5)_______, and they are good exercise too.

**(B) Complete the dialogue with the given words.**

picking energy do reforestation cleaner easy

**Aye Aye:** Hey, did you know we can help the environment?

**Yu Yu:** Really? How can we ___(1)___ that?

**Aye Aye:** We can start by ___(2)___ up litter we see on the playground.

**Yu Yu:** That sounds ___(3)___ ! What else can we do?

**Aye Aye:** We should turn off lights when we leave the classroom to save ___(4)___ .

**Yu Yu:** Good idea! And we can also plant trees to make the air ___(5)___ .

**Aye Aye:** Yes, that's called __(6)___ ! It helps animals too.

**Yu Yu:** I love animals! Let's tell our friends to help the environment too.

Answers

Unit 6

Lesson 1: Our environment

Speaking

(A) 1. 1. protect 2. clean 3. save 4. recycling 5. pollution

(B) 1. do 2. picking 3. easy 4. energy 5. cleaner 6. Reforestation

******************

**Grade 9**

## Unit 5

### Lesson 1: I love music!

**I. Fill each blank with the appropriate word. The initial letters are given to help you.**

1. Everyone shared their o___________ about the new music video.
2. She was afraid to sing in front of the c_________.
3. Their p_________ at the music show was amazing.
4. The c__________ last night was absolutely fantastic!
5. They are writing m_________ for a new album.
6. J_______ music is smooth and relaxing.
7. P________ music is very popular among teenagers.
8. Different songs can change our m_________ quickly.
9. He writes his own r_________ songs in his notebook.
10. The dancers moved to the r_______beat of the drums.
11. What m__________ instrument can you play?
12. Rap music d______ from African-American culture.
13. My grandparents enjoy listening to f_______ songs.
14. K______fans often learn Korean to understand the lyrics.
15. R__________ music is loud and full of energy.
16. That song became p________ in just one day.
17. The singer had guitar a________ during her solo.
18. M_________ technology has transformed our lives.
19. The festival was e________ many music styles.
20. We're going to a music festival this w_______.
21. H_______is known for its strong beat and dance style.

**II. Choose the appropriate word from the brackets to complete the sentences.**

1. Modern _______ **(technology / tradition)** helps us enjoy music everywhere.
2. The concert was so _______ **(exciting / excited)** that I danced all night.
3. _______ **(Classical / Rap)** music is calm and soothing.
4. I prefer swimming _____ **(than / to)** running for exercise.
5. _______ **(Pop / Country)** music often tells stories about life.
6. "Would you mind opening the window?" **(polite request/ asking permission)**
7. Smoking is ______**(allowed / forbidden)** in public areas.
8. __________ **(Loud/Quiet)** music can sometimes be annoying.
9. The drummer kept a steady and ________ **(rhythmic/ active)** beat throughout the song.
10. The teacher said that the test would be held __________ **(tomorrow/the next day)** after the holiday.
11. She promised she __________ **(won't/wouldn't)** come to the party if she finished her work.
12. Jazz music _____**(originated / created)** in New Orleans.
13. New York is in _______ **(the United States / the United Kingdom)**.
14. "Would you mind if I borrowed your book?" **(asking permission / polite request)**
15. The festival has been held every year _______ **(for/ since)** 2005.
16. She said she _______ **(is / was)** excited about the concert.
17. The teacher told us the exam would be ______**(next/ the following)** week.
18. My parents told me they _______ **(will / would)** visit me soon.
19. The principal said the meeting _______ **(will / would)** start at 9 a.m.
20. "Do you think this is the best movie ever?" "_________, it was really amazing!" **(Absolutely / I don't think so)**

Answers

Unit 5

Lesson 1: I love music!

I. 1. opinion 2. crowd 3. performance 4. concert 5. music 6. Jazz 7. Pop 8. moods 9. rap 10. rhythmic 11. musical 12. derives 13. folk 14. K-pop 15. Rock 16. popular 17. accompaniment 18. Modern 19. encompassing 20. weekend 21. Hip-hop

II. 1. technology 2. exciting 3. classical 4. to 5. country 6. polite request 7. forbidden 8. loud 9. rhythmic 10. the next day 11. wouldn't 12. originated 13. the United States 14. asking permission 15. since 16. was 17. the following 18. would 19. would 20. absolutely

******************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့် အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

( ခ ) တပ်မတော်၏ ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်) တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယဆု)ရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်းဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# သတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှု(၂)

နီဇော်သစ်



"အထွေထွေသုံး နည်းပညာတစ်ခုချင်းစီသည် ဘယ်အလုပ်တို့ကို လူသားတို့ကိုယ်တိုင်လုပ်ရမလဲ၊ ဘယ်အလုပ်တို့ကို စက်များထံသို့ ခွဲဝေပေးနိုင်မလဲ ဆိုသည်ကို ပြန်လည်ပိုင်းဖြတ်ပေးခြင်းအားဖြင့် ငွေရင်းနှင့် လုပ်အားကြားမှ ပါဝါကို ပြန်လည်နေရာချထားလေ့ရှိကြသည်။"

ယင်းမှာ ဒစ်ဂျစ်တယ်စီးပွားရေးနယ်ပယ်မှ ပညာရှင်များဖြစ်ကြသည့် အဲရစ်ဘရိုင်ညော်ဆင်နှင့် အင်ဒရူးမက္ကာဖီးတို့၏ ၂၀၁၄ ခုနှစ်ထုတ် The Second Machine Age စာအုပ်ထဲမှ ကောက်နုတ်ချက်ဖြစ်သည်။ စီးပွားရေး၏ ပင်မဒေါက်တိုင်များဖြစ်သော ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် မြေယာ၊ လုပ်အားနှင့် အရင်းအနှီးမှာ အခြေခံအကျဆုံးအချက်များဖြစ်ကြောင်း သိကြပြီးသား။ ဤနေရာတွင် ငွေရင်းနှင့် လုပ်အားကြားမှ ပါဝါဆိုသည်မှာ လူ့လုပ်အားထုတ်လုပ်မှုမှ အကျိုးအမြတ်ရသည့်အပိုင်းနှင့် လုပ်အားမထုတ်လုပ်ရဘဲ အကျိုးအမြတ်ရသည့်အပိုင်းတို့ကို ခွဲခြားပြဆိုခြင်းဖြစ်သည်။

ငွေရင်းနှင့် လုပ်အားတို့ကြားမှ ပါဝါပြန်လည်ချထားခြင်းကို စက်မှုတော်လှန်ရေးအဆင့်ဆင့်တွင် ပုံစံအမျိုးမျိုးတွေ့မြင်ခဲ့ရသည်။ ကိုလိုနီခေတ်နှင့်အတူ မွေးဖွားလာပြီး ပထမကမ္ဘာစစ်မတိုင်မီ အပြီးသတ်ခဲ့သည်ဟုဆိုနိုင်သည့် ပထမနှင့် ဒုတိယ စက်မှုတော်လှန်ရေးများတွင် အလုပ်ကြမ်းများသို့မဟုတ် အောက်ခြေအလုပ်များတွင် စက်များက အစားထိုးဝင်ရောက်ခဲ့သည်။ တစ်နည်းအားဖြင့် လူသားစွမ်းအင်၊ တိရစ္ဆာန်စွမ်းအင်တို့နေရာတွင် ကျောက်မီးသွေးနှင့် ရေတို့၏ စွမ်းအင်များ အစားထိုးဝင်ရောက်ခဲ့သည်ဟုဆိုနိုင်သည်။ သို့သော် ထိုစက်ကြီးများကို မောင်းနှင်ဖို့၊ လယ်ယာများကို လုပ်ကိုင်ဖို့ လူ့လုပ်အားများစွာ လိုအပ်နေဆဲ။ ထို့ကြောင့် ငွေရင်းနှင့် လုပ်အားအကြား မျှဝေမှုသည် အကြမ်းအားဖြင့် တိုင်းပြည်တစ်ပြည်၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် သို့မဟုတ် ဂျီဒီပီတွင် လုပ်အားက ၆၀ မှ ၇၀ ရာခိုင်နှုန်း၊ ငွေရင်းက ၃၀ မှ ၄၀ ရာခိုင်နှုန်းဝန်းကျင်အတွင်း တည်ငြိမ်နေခဲ့သည်။ ဂျွန်မေနာ့ဒ်ကိန်းစ်တို့၊ နစ်ကိုးလပ်စ် ကယ်လ်ဒေါတို့လို စီးပွားရေးပညာရှင်များက ထိုတည်ငြိမ်မှုကို ထုံးမီးစံပြတည်ငြိမ်မှုဟု သတ်မှတ်ခဲ့ကြသည်။

သို့သော် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း စတင်ခဲ့သည်ဟု သတ်မှတ်ထားသည့် သတင်းနည်းပညာက မောင်းနှင်သော တတိယစက်မှုတော်လှန်ရေးတွင် ထိုတည်ငြိမ်မှုပျက်ပြားသွားသည်။ ပရိုဆက်ဆာများနှင့် ကွန်ထရိုလာများ၊ တစ်နည်းအားဖြင့် ကွန်ပျူတာများနှင့် အလိုအလျောက်မောင်းနှင်စက်များ ပေါ်ထွက်လာခြင်းကြောင့် ရုံးလုပ်ငန်းများနှင့် စက်မှုကျွမ်းကျင်လုပ်သားများနေရာတွင် စက်များက အစားထိုးဝင်ရောက်နေရာယူလာသည်။ သို့သော်တစ်ဖက်တွင်ဒစ်ဂျစ်တယ်နည်းပညာနှင့် နီးနွှယ်သောအလုပ်အကိုင်အခွင့်အလမ်းအသစ်များလည်း ပေါ်ထွက်လာသည်။ ထိုသို့ဖြစ်သည့်တိုင် ငွေရင်းနှင့် လုပ်အားကြားမှ ဝေစု၏ တည်ငြိမ်မှုကို ထိခိုက်စရာမရှိဟု ထင်စရာရှိသော်လည်း တကယ်တမ်းတွင် ထိခိုက်သွားခဲ့သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(အိုအီးစီဒီ)၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်တို့၏ လေ့လာမှုများအရ စီးပွားရေးအဆင့်မြင့်သောနိုင်ငံများတွင် ဂျီဒီပီထဲမှ လုပ်အား၏ဝေစုသည် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ၆၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ ပြည့်လွန်နှစ်များတွင် ၅၈ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ဥပမာအားဖြင့် အမေရိကန် ပြည်ထောင်စုတွင် ၁၉၇၀ ပြည့်နှစ်တွင် ၆၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၅၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။


ယင်းမှာ စက်များက လုပ်သားများနေရာတွင် အစားထိုးဝင်ရောက်သွားခြင်းသက်သက်ကြောင့်မဟုတ်ကြောင်း ပထမနှင့် ဒုတိယစက်မှုတော်လှန်ရေးများအတွင်း ဝေစုတည်ငြိမ်မှုက ပြနေသည်။ ထိုသို့ ပါဝါဝေစုရွှေ့ပြောင်းသွားရခြင်းမှာ သတင်းနည်းပညာက တည်ဆောက်ပေးခဲ့သည့် ဒစ်ဂျစ်တယ်ကမ္ဘာသည်လည်း အကြောင်းရင်းတစ်ခုအဖြစ် ပါဝင်နေသည်။ ကုန်ထုတ်လုပ်ငန်းတစ်ခု၏ အခြေခံသုံးချက်ဖြစ်သော မြေယာ၊ လုပ်အားနှင့် အရင်းအနှီးတွင် လုပ်သားတို့ ထိတွေ့နိုင်စွမ်းမရှိသည်မှာ မြေယာ။ စတော့ဈေးကွက်ပေါ်ပေါက်လာချိန်တွင် လုပ်သားတို့သည် အရင်းအနှီးထဲသို့ အတိုင်းအတာတစ်ခုအထိ ထိတွေ့နိုင်စွမ်းရှိသည့်တိုင် မြေယာငှားရမ်းခသည် လုပ်သားတို့နှင့် လုံးဝနီးပါးသက်ဆိုင်ခြင်းမရှိသည်မှာ ထင်ရှားသည်။

မြေယာသည် သဘာဝအရင်းအမြစ်။ လူသားသည် မြေယာအသစ်မဖန်တီးနိုင်။ ကိုလိုနီကျူးကျော်မှုများဖြစ်ခဲ့ရာတွင် ထိုအချက်ကလည်း တစ်ချက်အပါအဝင်။ ကမ္ဘာကြီးပေါ်မှ မြေယာများကို ကျူးကျော်သိမ်းပိုက်နိုင်သည်။ သို့သော် ကမ္ဘာကြီးက ပေးထားသည်ထက်လွန်၍ မြေယာအသစ် ဖန်တီးနိုင်ခြင်းမရှိ။ သတင်းနည်းပညာက ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခုကို ဖန်တီးလိုက်ချိန်တွင် ထိုမြင်ကွင်းမှာ ပြောင်းလဲသွားသည်။ အချက်အလက်များ၊ ကွန်ရက်များ၊ အယ်လ်ဂိုရစ်သမ်များ၊ ဉာဏမူပိုင်ခွင့်များသည် မြေယာအသစ်များဖြစ်လာသည်။ အကြောင်းမှာ မြေယာက လုပ်ပေးသလိုပင် လုပ်သားတို့ ထိတွေ့နိုင်ခြင်းမရှိသည့် ငှားရမ်းခကို ဖန်တီးပေးနိုင်ခြင်းကြောင့်ပင်။ ထိုအရာများအားလုံးပေါင်း၍ ပလက်ဖောင်းများဟု ဆိုကြပါစို့။ ယနေ့ခေတ်၏ ထိပ်တန်းဒစ်ဂျစ်တယ်လုပ်ငန်းကြီးများဖြစ်ကြသော ဂူဂဲလ်၊ မိုက်ခရိုဆော့ဖ်၊ အမေဇုန်၊ မီတာ အစရှိသည်တို့သည် ထိုပလက်ဖောင်းများ ငှားရမ်းခဖြင့်ပင် ကြီးပွားသည်ထက် ကြီးပွားနေကြသည် မဟုတ်ပါလား။ ထိုပလက်ဖောင်းများအတွင်း လုပ်အားရှိမနေဘူးလားဆိုလျှင်တော့ လုံးလုံးမရှိသည်မဟုတ်ဟု ဆိုနိုင်သည်။ သို့သော် ဥပမာပေးရလျှင် မြေရှင်ကြီးများက စာရင်းငှားများထံမှ ငွေကောက်ရန် ခန့်ထားသော စာရေးများ၏လုပ်အားတို့လောက်သာ၊ မြေရိုင်းကို ရှင်းလင်းစဉ်က ပေးခဲ့ရသည့် လုပ်အားတန်ဖိုးလောက်သာရှိသည်ဟု ဆိုရပါမည်။

သဘာဝအရင်းအမြစ် မြေယာထက် သာလွန်သည်မှာ ဒစ်ဂျစ်တယ်မြေယာများကို လူသားတို့က အသစ်ဖန်တီးနိုင်သည်။ ပလက်ဖောင်းအသစ်များဆတက်ထမ်းပိုးတိုးအောင်လုပ်နိုင်သည်။ စီးပွားရေးအတွက် နောက်ထပ်အရေးကြီးသည့် ဒေါက်တိုင်တစ်ခုမှာ ဈေး။ ဈေးမရှိဘဲ စီးပွားလုပ်၍မရ။ နောက်ပိုင်း ဈေးကွက်ဟု ပြောင်းလဲခေါ်ဝေါ်လာသည်။ ထိုဈေးကွက်များသည်လည်း ဒစ်ဂျစ်တယ်မြေယာပေါ်၌ ဈေးဖန်းခင်းလာကြရသည်။ တစ်ချိန်က ကိုလိုနီခေတ်တွင် ကျူးကျော်သူတို့သည် နိုင်သူအကုန်ယူစတမ်းဆိုသည့်အတိုင်း မြေယာများကိုသိမ်းသည့်အပြင် ဈေးကွက်များကိုပါ အပိုင်စီးခဲ့ကြသည်။ ယခုလည်း ဒစ်ဂျစ်တယ်မြေယာကို ပိုင်ဆိုင်သည့် လုပ်ငန်းကြီးများသည် ဈေးကွက်များကိုပါ အပိုင်သိမ်းနိုင်လာသည်။ ထို့ကြောင့် နိုင်သူပလက်ဖောင်းရော ဈေးကွက်ပါ အကုန်ယူဆိုပြီး ဖြစ်လာတော့သည်။ ထိုအရာများအားလုံးသည် တိုင်းပြည်တစ်ပြည်၏ ဂျီဒီပီ၌ ငွေရင်းဝေစုဘက်မှ စီးဝင်သည့်အပိုင်းဖြစ်သွားသည်။ ထို့ကြောင့် ငွေရင်းဝေစုပါဝါတိုးပြီး လုပ်အားဝေစုပါဝါ လျော့လာရသည့်အထဲတွင် ထိုအချက်သည် တစ်ချက်အပါအဝင်ဟု ဆိုရခြင်းဖြစ်သည်။

အိုအီးဒီစီ၏ ၂၀၂၀ ပြည့်နှစ် ဒစ်ဂျစ်တယ် စီးပွားရေးအစီရင်ခံစာတွင် "ဒစ်ဂျစ်တယ်စီးပွားရေးသည် နိုင်သူအကုန်ယူ ဒိုင်းနမစ်ကို အဆချဲ့ဖို့ လိုလားသည်။ ဥစ္စာဓနနှင့် ပါဝါတို့ကို ပလက်ဖောင်းပိုင်ဆိုင်သူများလက်ထဲသို့ စုစည်းရောက်ရှိစေသည်"ဟု တင်ပြထားသည်။ တစ်ဖက်တွင်လည်း ဒစ်ဂျစ်တယ်ကမ္ဘာက ကျွန်တော်ပြီးခဲ့သည့်အပတ်က တင်ပြခဲ့သလို ဆန်းသစ်တီထွင်မှုကို အများသုံးနိုင်အောင် လုပ်ပေးထားသည်။ ထို့ကြောင့် စွန့်ဦးတီထွင်လုပ်လိုသူများအတွက် လမ်းများစွာပွင့်နေသည်။ ဆိုရလျှင် သတင်းနည်းပညာသည် လူလတ်တန်းစား အလုပ်သမားများကို အားလျော့စေပြီး လုပ်ငန်းရှင်များကို အားပေးသည့် နည်းပညာဖြစ်သည်။ တစ်ဖက်တွင် ပါဝါကို စုစည်းပေးနေသလို တစ်ဖက်တွင် ပါဝါကို အများအတွက်ဖြန့်ပေးနေသည်။ ယခုလောက ဝိရောဓိဖြစ်သည့်ခေတ် ရှိပါဦးမလားဟု မညည်းပါနှင့်။ ရှေ့တွင် ထို့ထက်ရှုပ်ထွေးမည့် အေအိုင်ခေတ်က စောင့်နေပါသည်။

# ကြယ်စုခရီးသည် သရီးအိုင်-အက်တလက်စ်ထံမှ ရေများ ပန်းထွက်နေသည်ကို လေ့လာတွေ့ရှိ



ပြီးခဲ့သည့်လပိုင်းအတွင်း ဂြိုဟ်သားယာဉ်ပျံလိုလို ကောလာဟလများ ထွက်ပေါ်ခဲ့သည့် ကြယ်စုခရီးသည် သရီးအိုင်-အက်တလက်စ် ကြယ်တံခွန်မှ ရေများ မီးသတ်ပိုက်ခေါင်းမှ ပန်းထွက်သလို ပန်းထွက်နေကြောင်း သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်ထောက်လှမ်းတွေ့ရှိခဲ့ကြသည်။

အမေရိကန် အာကာသအေဂျင်စီ နာဆာ၏ ဆွစ်ဖ်နက္ခတ္တမျှော်စင်မှ သိပ္ပံပညာရှင်များက ထိုကြယ်တံခွန်ကို ယခုနှစ် ဇူလိုင်နှင့် ဩဂုတ်အတွင်း ဆွစ်ဖ်နက္ခတ္တမှန်ပြောင်းဖြင့် လေ့လာခဲ့ကြခြင်းဖြစ်သည်။ ထိုကာလမှာ ကြယ်တံခွန်သည် ကမ္ဘာထက်နေမှ သုံးဆမျှ ပိုဝေးသည့်နေရာတွင် ရောက်နေချိန်ဖြစ်ရာ နေ၏အပူရှိန်ကြောင့် ရေငွေ့ပြန်မှု ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်လည်းဖြစ်သည်။

"ဒီလို ကြယ်စုခရီးသည် ကြယ်တံခွန်တစ်ခုဆီကနေ ရေတင်မကဘဲ အားပျော့တဲ့ ခရမ်းလွန်ပဲ့တင်သံကို ဖမ်းယူရရှိတာဟာ ကျွန်တော်တို့အနေနဲ့ တခြားဂြိုဟ်စနစ်တစ်ခုရဲ့မှတ်စုကို ဖတ်နေရသလိုပါပဲ။ ဒါက အသက်ဇီဝ ဓာတုဖွဲ့စည်းမှုဟာ ကျွန်တော်တို့ဆီမှာပဲ ရှိနေတာမဟုတ်ဘူးဆိုတာကို ပြနေပါတယ်"ဟု အဆိုပါစာတမ်းကို ပူးတွဲရေးသားခဲ့သူ အော်ဘန်းတက္ကသိုလ်မှ ရူပဗေဒပါမောက္ခ ဒင်းနစ်ဘိုဒီဝစ်က ရှင်းပြသည်။

ဆွစ်ဖ်မှန်ပြောင်းသည် နေကြောင့် ကြယ်တံခွန်၏ ရေမော်လီကျူးများ ကွဲထွက်ပြီး ထွက်ပေါ်လာသည့် ဟိုက်ဒရိုဇိုင်း(အိုအိပ်ချ်)ကြောင့် ဖြစ်လာသော ခရမ်းလွန်ရောင်ခြည် တောက်ပမှုကို ဖမ်းယူရရှိခဲ့ခြင်းဖြစ်သည်။ ထိုတွေ့ရှိမှုအရ အကြမ်းဖျင်းအားဖြင့် ထိုကြယ်တံခွန်သည် တစ်စက္ကန့်လျှင် ရေ ၄၀ ကီလိုဂရမ်လောက် စွန့်ထုတ်နေခြင်းဖြစ်ကြောင်းလည်း သိရသည်။

သရီးအိုင်-အက်တလက်စ်ဟု အမည်ပေးထားရာတွင် အက်တလက်စ်သည် ပထမဆုံးတွေ့ရှိသည့် မှန်ပြောင်း၏အမည်ကို ပေးထားခြင်းဖြစ်သည်။ အိုင်မှာ အင်တာစတယ်လာကို ကိုယ်စားပြုပြီး ကြယ်စုခရီးသည်ဟု ဆိုလိုသည်။ ကမ္ဘာမှ တွေ့မြင်နေကျ ကြယ်တံခွန်များမှာ နေမိသားစု၏အစွန်အဖျားအထိ သွားပြီး နေကို ပတ်နေသည့် ကြယ်တံခွန်များသာဖြစ်သည်။ ယခုကြယ်တံခွန်မှာ နေမိသားစုထဲမှမဟုတ်ဘဲ နဂါးငွေ့တန်းကြယ်စု၏ အခြားတစ်နေရာမှ လာရောက်သော ကြယ်တံခွန်ဖြစ်၍ ကြယ်စုခရီးသည်ဟု သတ်မှတ်ခြင်းဖြစ်သည်။ သရီးမှာ တတိယမြောက်တွေ့ရှိမှုကို ကိုယ်စားပြုသည်။ ထိုကြယ်တံခွန်မတိုင်ခင်က အလားတူ ကြယ်စုခရီးသည် ကြယ်တံခွန်နှစ်စင်း နေမိသားစုထဲသို့ ဝင်လာသည်ကို တွေ့ခဲ့ဖူးသည်။

အက်တလက်စ်မှ ယခုလို ရေပန်းထွက်နှုန်းသည် ကြယ်တံခွန်၏ ရှစ်ရာခိုင်နှုန်းသော မျက်နှာပြင်ဧရိယာတို့ သက်ဝင်လှုပ်ရှားနေခြင်းကြောင့်ဟု သိပ္ပံပညာရှင်များက တွက်ချက်ခဲ့ကြသည်။ ယင်းမှာ နေမိသားစုအတွင်းမှ ကြယ်တံခွန်များ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိသာရှိတတ်သော သက်ဝင်မျက်နှာပြင်ဧရိယာနှင့်ယှဉ်လျှင် များလွန်းနေ၍ အံ့သြစရာဖြစ်နေသည်။

"ကြယ်စုခရီးသည်တိုင်းဟာ အံ့သြစရာတွေချည်းပါပဲ"ဟု အော်ဘန်းတက္ကသိုလ်မှ ပါရဂူဘွဲ့လွန်သုတေသီ ဆယ်ရီဆင်းက ဆိုသည်။ "အိုမွားမွားတုန်းက ခြောက်သွေ့တယ်။ ဘိုရီဆော့ဗ်တုန်းက ကာဗွန်မိုနောက်ဆိုက်တွေများတယ်။ အခုအက်တလက်စ်ကျတော့ ကျွန်မတို့ ခန့်မှန်းမထားတဲ့အကွာအဝေးတစ်ခုမှာ ရေတွေကို အများကြီးစွန့်ထုတ်နေတယ်။ တစ်ခုချင်းစီကတော့ တခြားကြယ်တွေဘေးက ဂြိုဟ်တွေ၊ ကြယ်တံခွန်တွေအကြောင်း ကျွန်မတို့ သိထားပြီလို့ ထင်ထားတာတွေကို အသစ်တစ်မျိုး ပြန်ပြင်ရေးပေးနေကြတယ်" ဟုလည်း သူက ဆိုသည်။

Ref: Space.com

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဇုန် နှစ်ဇုန်ရှိ သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြိုင်ပွဲပွဲစဉ်များအဖြစ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ မကွေးတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဖက် ဂိုး (မရှိ) သရေရလဒ်ဖြင့် လည်းကောင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကချင်ပြည်နယ် အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ် အသင်းကို လေးဂိုး-ဂိုး (မရှိ)ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ရှမ်းပြည်နယ်၊ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန် လေးဇုန်ခွဲ၍ အောက်တိုဘာ ၁၈ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၃ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှ စတင်ကာ ဘားအံမြို့ ဇွဲကပင် အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည့်အတွက် အားကစား ဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအသင်းပါဝင်သည့် အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C) ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ




ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာ၊ အင်ဒိုနီးရှားနှင့် မကာအိုအသင်းတို့မှ နည်းပြချုပ်များအား တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းပါဝင်နေသည့် ၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C) ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၁၂ ရက်က သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ မြန်မာ၊ အင်ဒိုနီးရှားနှင့် မကာအိုအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ကြသည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းနည်းပြချုပ် တာရှီယိုက “ အိမ်ရှင်အဖြစ် လက်ခံကစားရမှာဖြစ်လို့ ကျေနပ်ပျော်ရွှင်မိပါတယ်။ ကစားသမားတွေကိုလည်း ပြင်းပြင်းထန်ထန် ကြိုးစားဖို့နဲ့ရည်မှန်းချက် ကိုယ်ဆီထားဖို့ ပြောထားပါတယ်။ ဖိအားရှိပေမယ့် ခြေစစ်ပွဲအောင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ကိုင်တွယ်ခဲ့တဲ့ သုံးလတာ ကာလအတွင်း ကစားသမားတွေရဲ့ ခြေစွမ်း၊ နည်းစနစ်ပိုင်း တိုးတက်လာဖို့ ပြုလုပ်ခဲ့ပါတယ်။ ကွင်းတွင်းသာမက ကွင်းပြင်ပမှာလည်း အရာရာကို ဆုံးဖြတ်နိုင်စွမ်းရှိအောင် သင်ကြားပေးခဲ့ပါတယ်။ အောင်မြင်မှုရဖို့ ပြင်းပြင်းထန်ထန် ကြိုးစားသွားမှာဖြစ်ပါတယ် ”ဟု ပြောကြားသည်။ အင်ဒိုနီးရှား ယူ-၁၇ အမျိုးသမီးအသင်း နည်းပြချုပ် တီမိုက “ ကျွန်တော်က အင်ဒိုနဲ့ ဂျာမန်စပ်ထားသူပါ။ ငယ်ဘဝကို အင်ဒိုနီးရှားမှာ ကြီးပြင်းခဲ့တာဖြစ်ပြီး တက္ကသိုလ်ပညာကို အမေရိကန်မှာ သွားတက်ခဲ့တာပါ။ ကစားသမားတွေကို အချိန်ပေးရွေးခဲ့တာ ဖြစ်ပါတယ်။ တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ ဖြန့်ကြက်ရွေးချယ်ခဲ့တာပါ။ ကျွန်တော့် ကစားသမားတွေကို ပွဲများများ ကစားခွင့်ရဖို့ မျှော်လင့်ထားခဲ့ပေမယ့် မွန်ဂိုလီးယားအသင်းက နုတ်ထွက်သွားတာကြောင့် စိတ်ပျက်ခဲ့ရပါတယ်။ ခြေစစ်ပွဲအောင်ဖို့ထက် အမျိုးသမီးတွေ ဘောလုံးကို ကောင်းကောင်းကစားနိုင်ဖို့၊ ခြေစွမ်းတိုးတက်လာဖို့ ပိုအလိုရှိပါတယ်”ဟု ပြောကြားခဲ့သည်။ မကာအိုအသင်း နည်းပြချုပ် ချန်ယန်က “ အသင်းက ကစားသမား အများစုက ကျောင်းသားတွေဖြစ်ကြပြီး အပျော်တမ်း ကစားနေကြသူတွေပါ။ လူရွေးချယ်ရာမှာ အခက်အခဲတွေရှိခဲ့ပါတယ်။ အချို့ ကစားသမားတွေဆိုရင် ဖူဆယ်ကစားနေသူတွေပါ။ ကစားသမားအများစုက သင်ယူရဦးမှာဖြစ်လို့ စိန်ခေါ်မှုတွေ အများကြီး ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အနိုင်ရဖို့ထက် ဘောလုံးကို ပျော်ရွှင်အောင် ဘယ်လိုကစားရမလဲ ဆိုတာ သင်ယူဖို့ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်” ဟု ပြောသည်။

ခြေစစ်ပွဲ အုပ်စု (C) တွင် မြန်မာ၊ အင်ဒိုနီးရှားနှင့် မကာအိုအသင်းတို့ ပါဝင်နေပြီး အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီခွဲတွင် ပဒေသာကွင်း၌ မကာအိုအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် မကာအိုအသင်း၊ အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် အောက်တိုဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပဉ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၁၃-၁၀-၂၀၂၅ ရက်မှ ၂၁-၁၁-၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရွှာငံမြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ၁၉၉၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားဝင်ခွင့် ပထမဆုံးအကြိမ်ရရှိဖို့ သေချာနေပြီဖြစ်တဲ့ နော်ဝေအသင်း



နော်ဝေအသင်းဟာ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့် ပွဲစဉ်(၆)အဖြစ် အောက်တိုဘာ ၁၁ ရက်ညပိုင်းက အစ္စရေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ အစ္စရေးအသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

နော်ဝေအသင်းနဲ့ အစ္စရေးအသင်းတို့ပွဲစဉ်မှာ တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး သုံးဂိုးအထိ သွင်းယူပေးခဲ့တာဖြစ်ပြီး တိုက်စစ်မှူးဟာလန်းအနေနဲ့ ၂၀၁၉ ခုနှစ်မှာ နော်ဝေအသင်းနဲ့ စတင်ပွဲထွက်ကစားခဲ့ပေမယ့် နိုင်ငံအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နော်ဝေအသင်းနဲ့အတူ ဟက်ထရစ်သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ နိုင်ငံလက်ရွေးစင်အသင်းအတွက် သွင်းဂိုး ၅၁ ဂိုး ရှိလာခဲ့ပြီဖြစ်ပြီး နိုင်ငံအသင်းတွေနဲ့အတူ သွင်းဂိုး ၅၀ နဲ့အထက် အမြန်ဆုံးသွင်းယူနိုင်တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ နိုင်ငံတကာပွဲစဉ် ၄၆ ပွဲမှာ သွင်းဂိုး ၅၁ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းဟာလည်း အင်္ဂလန်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၇၁ ပွဲမှာ သွင်းဂိုး ၅၀ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

နော်ဝေအသင်းနဲ့ အစ္စရေးအသင်းတို့ပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ နော်ဝေအသင်းနဲ့အတူ ဟက်ထရစ် ခြောက်ကြိမ်မြောက် သွင်းယူနိုင်ခဲ့ပြီဖြစ်ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ လီယွန်နယ်မက်ဆီတို့ရဲ့ နိုင်ငံအသင်းအတွက် သွင်းယူနိုင်ခဲ့တဲ့ ဟက်ထရစ်သွင်းယူနိုင်မှုအကြိမ်ရေကိုလိုက်မီဖို့ လေးကြိမ်သာလိုတော့တာ ဖြစ်ပါတယ်။

နော်ဝေအသင်းဟာ အစ္စရေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် ခြောက်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ခြောက်ပွဲစလုံး အနိုင်ရရှိခဲ့ပြီး ရမှတ် ၁၈ မှတ်နဲ့ အုပ်စု(I)တွင် ထိပ်ဆုံးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဒ့ါပြင် နော်ဝေအသင်းဟာ ၁၉၉၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်ဝင်ခွင့်ရရှိဖို့လည်း သေချာနေပြီဖြစ်ပါတယ်။

နော်ဝေအသင်းဟာ လာမယ့်ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၃ ရက်မှာ အက်စတိုးနီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အုပ်စုအဆင့် ဒုတိယနေရာမှာ ရပ်တည်နေတဲ့ အီတလီအသင်းကတော့ လာမယ့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၄ ရက်မှာ အစ္စရေးအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။

နော်ဝေအသင်းဟာ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်မှာ အီတလီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အီတလီအသင်းဟာ ယူရိုချန်ပီယံဖြစ်ခဲ့တာကြောင့် ကနေဒါ၊ အမေရိကန်နဲ့ မက္ကဆီကိုတို့ ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိထားတာဖြစ်ပါတယ်။



# ဂျော်ဂျီယာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး စပိန်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးပွဲမရှိစံချိန်တင်

စပိန်အသင်းဟာ ဥရောပဇုန် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၁ ရက်က ဂျော်ဂျီယာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ရှုံးပွဲမရှိစံချိန်တင်ခဲ့ပြီ ဖြစ်ပါတယ်။

စပိန်အသင်းနဲ့ ဂျော်ဂျီယာအသင်းတို့ပွဲစဉ်မှာ စပိန်အသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပြီး စပိန်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်မှာ ပီနိုက တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်မှာ အိုယာဇာဘယ်က တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စပိန်အသင်းဟာ ဂျော်ဂျီယာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ယှဉ်ပြိုင်နေတဲ့ ဥရောပဇုန်ခြေစစ်ပွဲ သုံးပွဲကစားပြီးချိန်မှာ သုံးပွဲစလုံး အနိုင်ရရှိခဲ့ကာ ရှုံးပွဲမရှိစံချိန် တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် စပိန်အသင်းဟာ လာမယ့်နှစ်မှာ ကနေဒါ၊ အမေရိကန်နဲ့ မက္ကဆီကိုတို့ ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိဖို့ သေချာနေပြီဖြစ်ပါတယ်။

# ရိန်းဂျားအသင်းနည်းပြအဖြစ် ပြန်လာမည့်အခွင့်အရေး စတီဗင်ဂျရတ် ငြင်းပယ်



လီဗာပူးအသင်းနှင့် အင်္ဂလန်အသင်းတို့ရဲ့ အသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်ဟာ စကော့တလန်ကလပ် ရိန်ဂျားအသင်း နည်းပြအဖြစ် တစ်ကျော့ပြန် တာဝန်ယူရမည့် အခွင့်အရေးကို ငြင်းပယ်လိုက်ပြီဖြစ်ပါတယ်။

စတီဗင်ဂျရတ်ဟာ စကော့တလန်ကလပ် ရိန်ဂျားအသင်းနည်းပြအဖြစ် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမှာ စကော့တလန် ပြည်တွင်းလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

စတီဗင်ဂျရတ်ဟာ အက်စ်တွန်ဗီလာအသင်းနဲ့ ဆော်ဒီအာရေဗျကလပ် အယ်အက်တီဖတ် အသင်းတွေမှာ အောင်မြင်မှုမရရှိခဲ့တာကြောင့် နည်းပြလောကအတွင်း ပြန်လည်ဝင်ရောက်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် အောက်တိုဘာ ၁၁ ရက်က ပြုလုပ်ခဲ့တဲ့ တွေ့ဆုံမေးမြန်းခန်း တစ်ခုမှာတော့ နည်းပြအဖြစ် ပြန်လည်ကိုင်တွယ်ရေးကို ငြင်းပယ်ခဲ့တာ ဖြစ်ပါတယ်။

# ရူဗင်နာဗက်ရဲ့ နောက်ကျဂိုးနဲ့ ပေါ်တူဂီအသင်း နိုင်ပွဲရရှိ



ပေါ်တူဂီအသင်းဟာ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၁၁ ရက်ညပိုင်းက အိုင်ယာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ ပေါ်တူဂီအသင်းက ရူဗင်နာဗက်ရဲ့ နောက်ကျသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ပေါ်တူဂီအသင်းနဲ့ အိုင်ယာလန်အသင်းတို့ပွဲစဉ်မှာ ပေါ်တူဂီအသင်းက သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ ရရှိခဲ့တဲ့ ရူဗင်နာဗက်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာ အုပ်စုအဆင့် သုံးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ သုံးပွဲစလုံးအနိုင်ရရှိကာ ရမှတ် ကိုးမှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ အသက် (၂၅)နှစ်အရွယ်ရှိ ဘရာဇီးလ်တိုက်စစ်မှူး ဗီနီစီးယပ်ဂျူနီယာအား ရောင်းချရန် စီစဉ်လျက်ရှိပြီး မန်စီးတီးအသင်းမှ နော်ဝေတိုက်စစ်မှူး အာလင်းဟာလန်းအား အစားထိုးခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူတိုက်စစ်မှူး ဂျိုရှုယာဇက်ဇီအနေဖြင့် အီတလီစီးရီးအေကလပ်ရိုးမားအသင်းဆီသို့ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကစားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ချဲလ်ဆီးကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ချဲလ်ဆီးအသင်းက အဆိုပါကစားသမားရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၂၀ အထိ တောင်းဆိုထားတယ်လို့ သိရပါတယ်။
- မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်ကို ဆော်ဒီအာရေဗျကလပ်အသင်းတွေက စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားနေပေမယ့် ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်အနေနဲ့ အိုးထရက်ဖို့စ်မှထွက်ခွာရန် အစီအစဉ်မရှိဘူးလို့ သိရပါတယ်။
- ဆော်ဒီအာရေဗျကလပ်အသင်းတွေနဲ့ ဘင်ဖီကာအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတဲ့ မန်စီးတီးကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားဟာ ယခုဘောလုံးရာသီကုန်မှာ အီတီဟက်စ်ကနေထွက်ခွာဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ဝက်စ်ဟမ်းအသင်း၊ ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ဗလင်စီယာအသင်းတို့ဟာ ရီးယဲလ်မက်ဒရစ်အသင်းမှ ဘရာဇီးလ်တိုက်စစ်မှူး အန်းဒရစ်ကို စာချုပ်ချုပ်ဆိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

“ ကျန်းမာသန့်ရှင်း ရောဂါကင်းဖို့
ယင်လုံအိမ်သာ သုံးကြစို့။ ”

# ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အိမ်သာ



ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့မှ ပူးပေါင်းထုတ်ဝေသည်။



အိမ်သာကျင်းကို
အဖုံးနဲ့ အုပ်ထားပါ။



အိမ်သာကို သုံးပြီးတိုင်း
ရေနဲ့ သန့်ရှင်းအောင်
ဆေးချပါ။



အိမ်သာကို သန့်ရှင်းရေး
ပုံမှန်ပြုလုပ်ပါ။



ယင်မနားအောင်နဲ့ ကျင်းထဲကို
ယင်မဝင်အောင် အိမ်သာခွက်ကို
အဖုံးဖုံးထားပါ။



အိမ်သာတက်ပြီးတဲ့အခါတိုင်း
လက်ကိုဆပ်ပြာနဲ့
စင်ကြယ်အောင် ဆေးကြောပါ။



အရွယ်မရောက်သေးတဲ့
ကလေးငယ်ရဲ့ မစင်တွေကို
အိမ်သာမှာသာ စွန့်ပစ်ပါ။



ကလေးငယ်တွေ အိမ်သာကို
အသုံးပြုတတ်အောင်
သင်ကြားပြသပေးပါ။



လုံ(၃)လုံအိမ်သာ သုံးကြပါ။
(ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ)

# ONE Friday Fights 129 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦး၏ တွဲဆိုင်းများ ပါဝင်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

အောက်တိုဘာ ၁၇ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ONE Friday Fights 129 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦး၏ တွဲဆိုင်းများ ပါဝင်လာမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် ထွန်းမင်းအောင်နှင့် ဟာလိန်းအွမ် (ခ) အောက်ချင်းလေးတို့၏တွဲဆိုင်းများ ပါဝင်မည်ဖြစ်ပြီး ထွန်းမင်းအောင်သည် Main Event ထိုးသတ်ရမည်ဖြစ်သည်။ ထွန်းမင်းအောင်သည် ထိုင်းဖိုက်တာ တန်နွန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး ONE နှင့် ငါးပွဲမြောက် ထိုးသတ်ရခြင်းဖြစ်သည်။ ထွန်းမင်းအောင်သည် ပြီးခဲ့သည့်လေးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး ယခုနှစ်အတွင်း ထိုးသတ်သည့်ပွဲတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရထားသည်။ တန်နွန်မှာမူ ONE နှင့် သုံးပွဲထိုးသတ်ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး တစ်ပွဲကိုမူ အရှုံးအနိုင် သတ်မှတ်ခြင်းမရှိပေ။

ဟာလိန်းအွမ် (ခ) အောက်ချင်းလေးသည် ဂျပန်ဖိုက်တာ တာနစ်ဆုနှင့် ထိုးသတ်ရမည်ဖြစ်ပြီး ONE နှင့် ပထမဆုံးပွဲတွင်လည်း ဂျပန်ဖိုက်တာနှင့် ထိုးသတ်ရကာ ရှုံးပွဲကြုံတွေ့ထားသည်။ ထို့ကြောင့် အောက်ချင်းလေးသည် ဒုတိယမြောက်ပွဲတွင် နိုင်ပွဲပြန်လည်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ အောက်ချင်းလေးနှင့် ထိုးသတ်မည့် တာနစ်ဆုသည် ONE နှင့် ငါးပွဲထိုးသတ်ရာ လေးပွဲအနိုင်ရထားရာ အနိုင်ရထားသည့် ပြိုင်ဘက်များတွင် မြန်မာဖိုက်တာ သက်ပိုင်အောင်လည်း ပါဝင်နေပြီး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရထားခြင်းဖြစ်သည်။

**သတင်း-ထွဏ်းသွေးအိမ်**
**ဓာတ်ပုံ-ONE**



ထိုင်းဖိုက်တာနှင့် Main Event ထိုးသတ်ရမည့် ထွန်းမင်းအောင်




**❍ ကျော်ဖုံးမှ**

ပြိုင်ပွဲအတွက်အကောင်းဆုံးရှစ်ယောက်ကို သက်ဆိုင်ရာနည်းပြတွေရဲ့အကြံပေးမှုနဲ့အတူ ကစ်ဘောက်ဆင်နဲ့ ပတ်သက်ပြီး ရှေ့ကိုအလားအလာရှိမယ့်သူတွေ၊နောက်လေ့ကျင့်မှုကောင်းတဲ့သူတွေ၊ စည်းကမ်းလိုက်နာတဲ့သူတွေကို အကောင်းဆုံးရွေးချယ်ပြီးတော့ စေလွှတ်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံကစ်ဘောက်ဆင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ရန်နိုင်က ပြောသည်။

ကစ်ဘောက်ဆင်အားကစားသည်နှစ်မျိုးရှိပြီး ကြိုးဝိုင်းတွင်း ထိုးသတ်သည့်ပြိုင်ပွဲနှင့် မြက်ဖျာပေါ်တွင် ထိုးသတ်သည့် ပြိုင်ပွဲတို့ဖြစ်ပြီး ယင်းပြိုင်ပွဲနှစ်ရပ်လုံးတွင် မြန်မာနိုင်ငံကစ်ဘောက်ဆင်အဖွဲ့ချုပ်မှ အမျိုးသားအားကစားသမား ငါးဦးနှင့် အမျိုးသမီးအားကစားသမားသုံးဦး စုစုပေါင်း ရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံကစ်ဘောက်ဆင်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ တစ်နေ့နှစ်ကြိမ် စခန်းသွင်းလေ့ကျင့်လျက်ရှိကြသည်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ကစ်ဘောက်ဆင်အားကစားသမားများအား မြန်မာနည်းပြများအပြင် အိုလံပစ်ကော်မတီမှပြင်သစ်နည်းပြကနှစ်ကြိမ်၊ မလေးရှားနည်းပြက တစ်ကြိမ် လာရောက်သင်ကြားပေးခဲ့ပြီး ပြိုင်ပွဲအောင်မြင်မှုရရှိရေး လက်ရှိတွင်လည်း ဂျပန်နည်းပြတစ်ဦးက အနီးကပ်ကြပ်မတ်သင်ကြားပေးလျက်ရှိကာ နိုဝင်ဘာ ၂ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားသို့ ပူးတွဲလေ့ကျင့်ရေး (Joint Training) သွားရောက်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

**လင်းရာမ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

**နိုင်ငံသား အခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့**

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

နောင်ချိုမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာမှ အဘ ဦးနေဝင်း၏သမီး အမည်မှန်မှာ ဒေါ်လှိုင်ဝေဝေဝင်း [၁၃/ကခန(နိုင်)၀၅၄၅၈၇] ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၀-၁၉၈၂ ဖြစ်ပါကြောင်း။

**ဒေါ်လှိုင်ဝေဝေဝင်း**
**၂၇-၁၀-၁၉၈၂**

**(၂၆-၉-၂၀၂၅) ရက်နေ့တွင် ဦးနေခြည်ဦးနှင့်ဒေါ်သဇင်ပြုံးထိုက်တို့ ချုပ်ဆိုထားသော နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်စရန်ပေး ကတိစာချုပ်အားနှစ်ဦးသဘောတူဖျက်သိမ်းပြီးကြောင်း နှင့် အဆိုပါမြေကွက်အား ဦးနေခြည်ဦးသာလျှင် ဝယ်ယူပိုင်ဆိုင်လက်ရောက် ရယူထားကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(တ/၄၁)၊ အောင်သိဒ္ဓိလမ်း၊ မြေကွက်အမှတ်(၄၈၂/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးကျင်သက်(ခ) ဦးကျင်သန်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်အား ရောင်းချသူ ဦးနေခြည်ဦးနှင့် ဝယ်ယူသူ ဒေါ်သဇင်ပြုံးထိုက်တို့သည်(၂၆-၉-၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ် စရန်ပေးစာချုပ်အား (၁၀-၁၀-၂၅) ရက်နေ့တွင် နှစ်ဦးသဘောတူ တရားဝင်ဖျက်သိမ်းပြီးဖြစ်ပါကြောင်းနှင့် ဦးနေခြည်ဦးသာလျှင် တရားဝင်ပိုင်ဆိုင်လက်ရောက်ရယူထားကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အထက်ပါစာချုပ်ဖျက်သိမ်းပြီးကြောင်းနှင့် ဦးနေခြည်ဦးသာလျှင် တရားဝင် ဝယ်ယူလက်ရောက်ရယူပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေခြည်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဆွေမြင့် ( LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၂၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ Ph:09-962779481, 09-686889192**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ အမှတ်-၃ ဟုခေါ်တွင်သော မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၃၊ (အလျား - ၄၀ ပေ x အနံ - ၆၀ ပေ)အကျယ်ရှိ ဦးကျော်ကျော်ဦး အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးငြိမ်း[၁၂/ဥကမ(နိုင်)၂၁၂၆၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇန်ရွှေသဲ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၆၈)**
**အမှတ်-၂၁၄၊ Min Ye Kyaw Swar Residence, အခန်း-၂၀၂၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**✪ MNL မှ**

Junior Lions အသင်းက Dagon Port အသင်းကို လေးဂိုးပြတ် အနိုင်ရပြီး ရောဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း တစ်ဂိုးစီသရေ၊ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း ဂိုးမရှိ သရေကျခဲ့သည်။

**ထိပ်တိုက်တွေ့ဆုံ**

ပွဲစဉ် (၂၄)အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၅၅ မှတ်၊ အား/ကာသိပ္ပံအသင်းက ၅၄ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၅၀၊ ရှမ်းယူနိုက်တက်အသင်းက ၄၈ မှတ်၊ Junior Lions အသင်းက ရမှတ် ၄၀၊ Falcon အသင်းက ၃၇ မှတ်၊ သစ္စာအားမာန်အသင်းက ၃၅ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၃၀၊ ဟံသာဝတီယူနိုက်တက်အသင်းက ၂၉ မှတ်၊ ရာမည ယူနိုက်တက်အသင်းက ၂၅ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၃ မှတ်၊ Dagon Port အသင်းက ၁၁ မှတ်၊ မဟာယူနိုက်တက်အသင်းက ရှစ်မှတ် ရရှိထားသည်။ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲသာလိုတော့ပြီး ဇယားထိပ်ဆုံးတွင် တစ်မှတ်အကွာဖြင့် အပြိုင်ဖြစ်နေသည့် ဒဂုံစတားယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ အပြိုင်ဖြစ်နေပြီး ပွဲစဉ်(၂၅)တွင် ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MNL**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇/၁၉)(သံဒင်း)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ် (၁၀၉၈/ခ)၊ ဧရိယာအကျယ်(၂၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးမောင်ရီ[၁၂/လမန(နိုင်)၀၇၂၆၆၉] အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီသီဖြူ[၅/အရတ(နိုင်)၀၅၆၁၅၄]မှ အဆိုပါမြေကွက်အား မိမိမှ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့စ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်အောင်(LL.B)** | **ဒေါ်ကြည်ဖြူသန့် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၁)** |

**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၂၅၀ ၅၀၆၀၄၃၊ ၀၉-၉၆၇၆၂၆၈၁၂**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၅)၊ မြေကွက်အမှတ်(၈၀၀/ခ)၊ အကျယ်အဝန်း(၂၂ပေ ၆လက်မx၆၀ပေ)ဧရိယာ(၀.၀၃၁)ဧကရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဒေါ်ချိုမာလွင်[၇/ပခန(နိုင်)၁၃၁၆၂၇]အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၀၀/ခ)၊ ဇီဇဝါလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းဌေး[၁၂/ဥကတ(နိုင်)၁၄၈၆၅၂]မှအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၁)၊ ဦးပိုင်အမှတ်(၃၉)၊ ၆၇x၆၈ကြား၊ ၁၃၁x၁၃၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်မြင့်(ခ)ခင်ညွှန့်၏ (GPရရှိသူဒေါ်အိအိချော)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄၀၄/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးမျိုးဝင်း[၉/မဟမ(နိုင်)၀၁၃၆၁၄]က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ်(၂၉၂၇/၂၀၂၅-၂၀၂၆)ဖြင့်တောမှမြို့ပြောင်း၊သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

FPB
First Private Bank

## ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် အသိပေးအကြောင်းကြားခြင်း

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှင်များကို ကြိုတင်အသိပေးအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက် - ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက် (တနင်္လာနေ့)**
**အစည်းအဝေးကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ**
**အစည်းအဝေးကျင်းပမည့်နေရာ - ရန်ကုန်စတော့ခ်အိတ်ချိန်း (YSX)**
**အစည်းအဝေးကျင်းပမည့်ပုံစံ - ZOOM online meeting**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၃၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်ရမည့် အစုရှယ်ယာရှင်များကို ရန်ကုန်စတော့အိပ်ချိန်း (YSX)မှ Record Date (၈-၁၀-၂၀၂၅) ရက်ဖြင့် ပေးပို့သည့်စာရင်းကို အတည်ပြုသတ်မှတ်ပြီးဖြစ်ပါသည်။

ဒါရိုက်တာများရွေးချယ်ရန်အတွက် ဆန္ဒမဲပေးခြင်းကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်၍ အစုရှင်များမှ အစည်းအဝေးတက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန်အတွက် Online Registration ပြုလုပ်ရမည်ဖြစ်ပါသည်။ Online Registration ပြုလုပ်ရန်အတွက် (၂၄-၁၀-၂၀၂၅)ရက် သောကြာနေ့မှ (၆-၁၁-၂၀၂၅)ကြာသပတေးနေ့အထိ ဘဏ်၏ Website "www.firstprivatebank.com.mm" နှင့် "fpb.com.mm" တို့မှ Register ပြုလုပ်ရမည်ဖြစ်ပြီး အစုရှယ်ယာရှင်အတည်ပြုကြောင်းကို ဖုန်း message နှင့် email များမှတစ်ဆင့် အကြောင်းကြားစာ ပေးပို့မည်ဖြစ်ပါသည်။ (ကိုယ်စားမဲပေးရန် Proxy လွှဲအပ်ပြီးသူများ မဲ(Vote) ပေးရန်မလိုအပ်ပါ)

Online Registration ပြုလုပ်ပြီး အစုရှယ်ယာရှင်အဖြစ်အတည်ပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိထားသော အစုရှယ်ယာရှင်များကို ဒါရိုက်တာများရွေးချယ်ရန်အတွက် (၉-၁၁-၂၀၂၅)ရက် တနင်္ဂနွေနေ့တွင် Voting Link များပေးပို့မည်ဖြစ်ပြီး အစုရှယ်ယာရှင်များမှ (၁၀-၁၁-၂၀၂၅)ရက် တနင်္လာနေ့ နံနက် (၉:၃၀)နာရီမှ (၁၂-၁၁-၂၀၂၅)ရက် ဗုဒ္ဓဟူးနေ့ ည(၁၁:၅၉)နာရီအထိ Vote ပေးရွေးချယ်ရပါမည်။

အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်ပါက ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကိုယ်စား ဆန္ဒမဲပေးနိုင်ရန် အခြားသူတစ်ဦးဦးကို ကိုယ်စားလှယ် (Proxy) လွှဲအပ်ပေးရန်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်သည့်ပုံစံကို ရုံးချုပ်နှင့်ဘဏ်ခွဲများတွင်လည်းကောင်း၊ ရန်ကုန်စတော့အိပ်ချိန်း၏ Website https://ysx-mm.com နှင့် ပထမပုဂ္ဂလိကဘဏ် Website "www.firstprivatebank.com.mm" တို့တွင်လည်းကောင်း ရယူနိုင်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် ဆန္ဒမဲခြင်းတို့ကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် စုစုပေါင်းအစုရှယ်ယာ၏ (၃၀%) (Quorum) ပြည့်မီရန်လိုအပ်သဖြင့် အစုရှယ်ယာရှင်များမှ Register ပြုလုပ်ပေးပါရန်နှင့် ဖြင့်ကိုယ်တိုင် တက်ရောက်ပေးပါရန်နှင့် ကိုယ်တိုင်မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာ(Proxy) များ လွှဲအပ်ပေးပါရန် ပန်ကြားအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**အတွင်းရေးမှူး**
**ဒါရိုက်တာအဖွဲ့**

---

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ဘောဂလမ်း၊ တိုက်အမှတ်(၁၉/G)၊ (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦမှ (ပထမထပ်/ခေါင်းရင်းခန်း) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်**

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးအောင်ကျော်ဦး [၁၂/ဒဂန(နိုင်)၀၀၀၂၂၄]+ဒေါ်တင်မေလင်း [၁၁/ကဖန(နိုင်)၀၃၇၂၅၂]တို့ထံမှ ဒေါ်ခင်ဇာလွင်သိန်း [၁၂/လမန(နိုင်)၁၄၀၀၄၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်း တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဇာလွင်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၀၈၂၀**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ-ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်-၄၅ ခဲစင်းတောင်ခြမ်း+ မြောက်ခြမ်း၊ ၇၃x ၇၄ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရီရီဆွေ [၉/မရမ(နိုင်)၀၀၆၀၆၉]က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဝတ်ရည်ဦး**
**ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။**
**09-43088052**
**09-260660405**
**09-421067330**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ-ရပ်ကွက်၊ အကွက်အမှတ် (ဟ-၇)၊ ဦးပိုင်အမှတ်-၁၄၆+၁၃၁၊ ၆၇x၆၈ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီဆဲလ(ခ)နန်းမေ [၉/မရတ(နိုင်)၁၀၇၇၃၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**အိမ်မြေ**
**အိမ်ခြံမြေအကျိုးဆောင်**
**ဒဂုံ(၄)မြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**09-670011900**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

---

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၈/ရပ်ကွက်၊ မြနန္ဒာ(၂)လမ်း၊ အိမ်အမှတ်-၃၃၇/က၊ အကျယ်အဝန်း (၁၀ပေx ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စိန်စိန်သိန်း [၁၂/သကတ(နိုင်)၁၂၁၂၈၅] တစ်ဦးတည်းပိုင်ဆိုင်ပါကြောင်း ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ အာမခံထားခွင့်ရှိသူဖြစ်ကြောင်း ဒေါ်စိန်စိန်သိန်း၏ ခွင့်ပြုသဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချရန်သော်လည်းကောင်း၊ ပေါင်နှံရန်သော်လည်းကောင်း ခွင့်ပြုမည်မဟုတ်ကြောင်း၊ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေါ်စိန်စိန်သိန်းမှ ဖော်ပြပါမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်တို့ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွဲဝေပေးမည်မဟုတ်ပါကြောင်းနှင့် ၂၆-၇-၂၀၁၂ ရက်စွဲပါ မိသားစု စီမံမှုစာချုပ်အား ဒေါ်စိန်စိန်သိန်းမှ ယခုကြော်ငြာပါသည့်နေ့မှစ၍ ပယ်ဖျက်လိုက်ပြီ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စိန်စိန်သိန်း** | **ဒေါ်ယုဇနခင်** |
| **[၁၂/သကတ(နိုင်)၁၂၁၂၈၅]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၂၉)** |
| | **တိုက်(၂)၊ အခန်း(၃၀၂)၊ မြင်တော်သာလမ်း၊** |
| | **၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။** |
| | **ဖုန်း-၀၉-၂၅၀၉၇၇၇၁၇** |

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ-ရပ်ကွက်၊ အကွက်အမှတ်-လလ-၄၃၊ ဦးပိုင်အမှတ်-၅၃၊ ၅၈x၅၉ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်ကြီးကျော်စည်သူ [၈/မလန(နိုင်) ၀၆၁၁၆၃]၊ ကြည်း-၃၈၄၃၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၆/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှိုင်ဇာခြည်ထွေး [၁၀/မလမ(နိုင်) ၁၇၀၂၄၈] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က-ရပ်ကွက်၊ အကွက်အမှတ် (ယ-၃)၊ ဦးပိုင်အမှတ်-၁၁၈ ခဲစင်းတောင်ခြမ်း+ မြောက်ခြမ်း၊ ၇၁x၇၂ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးဟောတာချောင် [၁၃/လရန(နိုင်)၀၅၄၃၇၄]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၁၉၃)ဖြစ်သည့် အရပ်အခေါ် အမှတ်(၁၇/ခ)၊ ဘုရင့်နောင်(၁၆)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော (၂၀'x၆၀')အကျယ်ရှိ မြေကွက်မှာ ဒေါ်ငွေးမြင့် [၁၂/သဃက(နိုင်)၁၃၉၅၈၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အမည်ပေါက်မှ အဆိုပါမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိသာပိုင်ဆိုင်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ကြည်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ပြင်ဦးလွင်လမ်း၊ မြေကွက်အမှတ်(၄၇၃/က)၊ (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ခင်မာချိုအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ် လက်ရှိဝယ်ယူထားသူ ဒေါ်အေးနုကြည် [၁၂/ဥကတ(နိုင်)၁၃၀၇၉၂] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်- ငငငင-၄၊ ဦးပိုင်အမှတ် ၉-ခ၊ ၆၄-လမ်း၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းထွန်းဆွေ [၉/မဟမ(နိုင်) ၀၁၀၇၀၆]၊ ဒေါ်ခင်နန္ဒာအောင် [၉/ခအဇ(နိုင်)၀၀၁၃၄၅]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၉၈၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းဆီ(ခ)ဟိုရှီဆိုင် [၉/မနမ(နိုင်)၀၃၃၆၇၆] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-ဂဂ-၃၊ ဦးပိုင်အမှတ်-၂၊ ၁၀၃-လမ်း၊ ၅၇x၅၈ လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းကျော်စည်သူ [၉/မရမ(နိုင်) ၀၀၀၉၂၉]၊ ဒေါ်ဇင်မာစိုး [၉/မမန(နိုင်)၀၇၆၅၇၇]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၅၉/၂၀၁၇) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝမ်တယ်စုံး [၁၃/လရန(နိုင်)၁၂၁၀၉၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၈)၊ ဦးပိုင်အမှတ်(၈၇) ၁၁၃x ၁၁၄ ကြား၊ ၄၆x ၄၇ လမ်းကြားရှိ ဦးစိုးစိုး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးအောင်ချမ်းငြိမ်းက တရားပြိုင် ဦးစိုးစိုးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမမှုကြီးအမှတ် (၁၂၂/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးအောင်ချမ်းငြိမ်း [၅/မရန(နိုင်)၁၈၈၆၆၁] က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၇)၊ ဦးပိုင်အမှတ်(၂၄)၊ ၁၁၅ B လမ်း၊ ၄၇x ၄၈ လမ်းကြားရှိ ဦးခင်မောင်ဆန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးနိုင်ဝင်းက တရားပြိုင် ဦးခင်မောင်ဆန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမမှုကြီးအမှတ် (၁၄၅/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးနိုင်ဝင်း [၅/မလန(နိုင်)၀၃၁၀၈၁] က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

- ❖ လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များ ဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာ...
- ❖ သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသြဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ **နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**
- ❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**
- ❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# MNL ယူ-၂၁ လိဂ်ပြိုင်ပွဲ လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဆုအတွက် ဒဂုံစတားယူနိုက်တက်နှင့် အား/ကာသိပွဲအသင်း အပြိုင်ဖြစ်နေ

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၂၅ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၄)အပြီး လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဆုအတွက် ဒဂုံစတားယူနိုက်တက်အသင်းနှင့် အား/ကာသိပွဲအသင်းတို့ အပြိုင်ဖြစ်လာသည်။

ချန်ပီယံဆုမျှော်လင့်နိုင်သည့် အသင်းလေးသင်းအနက် ဒဂုံစတားယူနိုက်တက်နှင့် အား/ကာသိပွဲအသင်းတို့ အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်သော်လည်း တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်း သရေကျခဲ့သဖြင့် ငါးမှတ်ပြတ်သွားပြီး အခွင့်အရေးနည်းသွားသလို ရှမ်းယူနိုက်တက်အသင်းမှာလည်း သရေပွဲကြုံတွေ့ခဲ့သဖြင့် လက်ရှိချန်ပီယံဘွဲ့စွန့်လွှတ်လိုက်ရပြီဖြစ်သည်။ ပွဲစဉ် (၂၄)တွင် အား/ကာသိပွဲအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ရာမညယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Falcon အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဒဂုံစတားယူနိုက်တက်အသင်းက ရတနာပုံအသင်းကို သုံးဂိုး-ဂိုးမရှိ၊ စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✪




ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ ဖတ်စရာ

အာကာသ၌ လက်ထပ်ပွဲကျင်းပရန် တွမ်ခရုစ် စီစဉ် စာမျက်နှာ ၁၃
လူငယ်များအတွက် အရေးပါသော Soft Skills စာမျက်နှာ ၁၈
ဂျော်ဂျီယာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး စပိန်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးပွဲမရှိ စံချိန်တင် စာမျက်နှာ ၂၅
ONE Friday Fights 129 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦး၏ တွဲဆိုင်းများ ပါဝင်မည် စာမျက်နှာ ၂၇

# မြန်မာဖိုက်တာ ဂျိုရှုအာဗန်၏ UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲကျင်းပမည့်ရက် ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၁၂

UFC သည် မြန်မာစံတော်ချိန် ဒီဇင်ဘာ ၇ ရက်တွင်ကျင်းပမည့် UFC –323 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန်၏ ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်လိုက်ပြီဖြစ်သည်။




ဂျိုရှုအာဗန်သည် လက်ရှိချန်ပီယံ ပန်တိုဂျာနှင့် ချန်ပီယံခါးပတ်စိန်ခေါ်ရမည်ဖြစ်သည်။ ဂျိုရှုအာဗန်သည် ဇွန် ၂၉ ရက်က ထိုးသတ်သည့်ပွဲတွင် အမေရိကန်ဖိုက်တာ ဘရန်ဒန်ရွိုင်ဗယ်နှင့်ပွဲတွင် အနိုင်ရပြီးနောက် ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

**ချန်ပီယံဖြစ်ခွင့် မျှော်လင့်လာနိုင်**

ဂျိုရှုအာဗန်သည် UFC တွင် နောက်ဆုံးငါးပွဲဆက်နှင့် ရှစ်ပွဲ မြောက် အနိုင်ရပြီးနောက် ကမ္ဘာ့ချန်ပီယံခါးပတ် စိန်ခေါ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် မြန်မာဖိုက်တာများတွင် UFC ၌ ပထမဆုံးထိုးသတ်ခွင့်ရသူဖြစ်ပြီး လက်စွမ်းပြပြီး နိုင်ပွဲဆက်သဖြင့် ကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့် မျှော်လင့်လာနိုင်ခြင်းဖြစ်သည်။

UFC 323 ပြိုင်ပွဲကို မြန်မာစံတော်ချိန် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်း (ဒေသစံတော်ချိန် ဒီဇင်ဘာ ၆ ရက် ညပိုင်း)တွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဂျိုရှုအာဗန်နှင့် ပန်တိုဂျာတွဲဆိုင်းကို Co-Main Event အဖြစ် ကျင်းပမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - UFC



# မြန်မာနိုင်ငံကစ်ဘောက်ဆင်အဖွဲ့ချုပ်က ၂၀၂၅ ဆီးဂိမ်း ကစ်ဘောက်ဆင်ပြိုင်ပွဲတွင် ပြိုင်ပွဲအားလုံးဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၂

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲ ကစ်ဘောက်ဆင်ပြိုင်ပွဲတွင် အတန်းရှစ်တန်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံကစ်ဘောက်ဆင်အဖွဲ့ချုပ်က ယင်းအတန်းရှစ်တန်းလုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ လာမယ့်ဆီးဂိမ်းပြိုင်ပွဲမှာ အတန်းရှစ်တန်းရှိပါတယ်၊ အဲဒီရှစ်တန်းလုံး တန်းပြည့်ဝင်ပြိုင်မှာပါ၊ စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ○